**ပထမအကြိမ်ပြည်သူ့လွှတ်တော်**

**ဒုတိယပုံမှန်အစည်းအဝေး**

**၂၇ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)**

**(၂၈-၉-၂၀၁၁)**

**အချိန် ၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၇ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၇.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးတင်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း-၁၈၈၄၁ ဗိုလ်မှူးကြီးတင့်ဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်မြို့မှာကျင်းပပြုလုပ်မယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၆၂ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်ရှိပါသဖြင့် မနက်ဖြန် ၂၉-၉-၂၀၁၁ ရက်နေ့ တစ်ရက်အားခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးအင်ဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိမ်းဘော

သည်မိမိကိုယ်တိုင် ဆောင်ရွက်ရမယ့်ကိစ္စရှိသဖြင့် ယနေ့ ၂၈-၉-၂၀၁၁ ရက်နေ့ တစ်ရက်ကိုခွင့်ရက်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ၎င်းရဲ့ကိုယ်စား မချမ်းဘောမဲဆန္ဒနယ်မှ ကျွန်တော် ဦးအင်ဖုန်ဆန်းက ခွင့်ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာစံလှိုင်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်မှာ မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စအရေးကြီးတဲ့အတွက် ယနေ့ ၂၈-၉-၂၀၁၁ နေ့အားခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်စိန်ရဲ့ကိုယ်စား ခွင့်ပန်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရှိန်ကျော်ဝင်း (ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ သံတောင်မဲဆန္ဒနယ်မှ ဦးစောနေကော်ကြီးဟာ မကျန်းမမာဖြစ်ပြီး ဒီနေ့ ၂၈-၉-၂၀၁၁ နေ့ကိုခွင့်အဖြစ် သတ်မှတ်ပေးရန် ဦးစောနေကော်ကြီးရဲ့ကိုယ်စား ကျွန်တော် ဦးရှိန်ကျော်ဝင်းက တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၃၉၅)ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၈) ဦး၊ ယနေ့ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း(၁၁) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ပါမယ်။ ပထမဦးစွာ ဦးစိုင်းကျော်၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျောက်(မိုင်းဖြတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကာယ သုခ၊ စိတ္တသုခနှစ်ဖြာသောမင်္ဂလာဖြင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဖြတ်မဲဆန္ဒရှင်များရဲ့ကိုယ်စား စိတ်ကောင်း စေတနာဖြင့် အကျိုးပြုမယ့်မေးခွန်းတစ်ခု မေးမြန်းတင်ပြခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါ တယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို စာဖြင့်ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တင်ပြမယ့် မေးခွန်းအပြည့်အစုံမှာ မိုင်းဖြတ်မြို့သည် ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့သွားရာ ပြည်ထောင်စုလမ်းမကြီး၏အလယ်ဗဟိုတွင် တည်ရှိသောခရိုင်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စားဦးရေမှာ မြို့နယ် လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ပထဝီဝင်အနေအထားအရ လယ်ယာများကိုသာအားထားရ ပြီးလုပ်ကိုင်စားသောက်ရတဲ့အတွက် စီးပွားရေးလုပ်ငန်း အထိုက်အလျောက်လေးသာ အဆင်ပြေမှုရှိ ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့ရဲ့ တောတောင်သဘာဝရေမြေကပေးတဲ့ အနေ အထားမှာ ပြည်သူလူထုမဆောင်ရွက်နိုင်တဲ့ ဓာတ်သတ္တုများ၊ ကျောက်မီးသွေးများ၊ အဖိုးတန်ရွှေများ၊ သစ်လုပ်ငန်းများ အများအပြားရှိပါတယ်။ ဖော်ပြပါလုပ်ငန်းများကို ပြင်ပကုမ္ပဏီကြီး ၅ ခုမှ စက်ယန္တရားကြီးများဖြင့် တရားဝင်အပြိုင်အဆိုင် ဝင်ရောက်လုပ်ကိုင်လျက်ရှိပါတယ်။ ဒေသခံပြည်သူ များအနေနဲ့ ၎င်းတို့ရဲ့ ကုမ္ပဏီအလုပ်အကိုင်များ လုပ်ကိုင်ခွင့်အခွင့်အလမ်းများမရရှိခဲ့ပါ။ သဘာဝ တောတောင်ရေမြေပတ်ဝန်းကျင်များ နေ့စဉ်နဲ့အမျှ ထိခိုက်နေပါတယ်။ နောင်တွင် ရာသီဥတု အပြောင်းအလဲများပါ ကြုံလာနိုင်ဖွယ်ရာရှိပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ယနေ့ ဒီအချိန်၊ ဒီကာလမှာ ယထာဘူတကျတဲ့ဖြစ်စဉ်များကို ရေရှည်နောင်လာနောင်သားများအထိ မည်ကဲ့သို့ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်း၊ အစီအမံများရှိ၊ မရှိနှင့်လုပ်ငန်းရှင်ကုမ္ပဏီကြီးများရဲ့အကျိုး၊ ဒေသခံ ပြည်သူများရဲ့အကျိုးသဟဇာတဖြစ်အောင် မည်ကဲ့သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမား

ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအောင်ကြည် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်ခရိုင်၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ရဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးများဖွင့်လှစ်ပြီးတော့ အလုပ်ရှာဖွေသူများကို ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်များ၊ အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာဆိုလို့ရှိရင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို ကျိုင်းတုံနဲ့တာချီလိတ်မြို့နယ်တို့မှာ ဖွင့်လှစ်ထားလျက်ရှိပါတယ်။ မိုင်းဖြတ်မြို့နယ်ရဲ့အလုပ်သမားရေးရာ ကိစ္စတွေကိုတော့ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ကျိုင်းတုံခရိုင်ရုံးကနေပြီးတော့မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုင်းဖြတ်မြို့နယ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းအား သတ္တုတွင်းဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူပြီးတော့ ဆောင်ရွက်နေတဲ့ကုမ္ပဏီ ၄ ခု ရှိပါတယ်။ အဲဒီ ကုမ္ပဏီများအနက် ဝမ်ဆားလို့ ဒေသမှာရွှေဦးရန်နဲ့သတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဟူပိုးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ မော်ဖသတ္တုတူးဖော်ရေးကုမ္ပဏီတို့က လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပြီး မကာဒေသမှာ ကမ္ဘောဇစက်မှုလုပ်ငန်းများကုမ္ပဏီက လုပ်ကိုင်ခွင့်သက်တမ်းတိုး လျှောက်ထားလျက် ဆောင်ရွက်ဆဲဖြစ်ကြောင်းသိရှိရပါတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ဒေသခံအလုပ်သမားများကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်းလည်းသိရှိရပါတယ်။ သတ္တုတွင်းလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ကျွမ်းကျင်တဲ့အလုပ်သမားဖြစ်ဖို့ လိုအပ်သော်လည်းပဲ သတ္တုမိုင်းတည်ဆောက်ရေးလုပ်ငန်းတွေမှာတော့ အလုပ်ကြမ်း၊ အထွေထွေအလုပ်သမားများ လိုအပ်ပါတယ်။ လက်ရှိအနေနဲ့ ရွှေဦးရန်နဲ့သတ္တုတူးဖော်ရေးကုမ္ပဏီက ဒေသတွင်းမှအလုပ်သမား ၅၄ ဦးကိုအသုံးပြုလျက်ရှိကြောင်းသိရှိရပါတယ်။ ဟူပိုးသတ္တုတွင်းကုမ္ပဏီကတော့ရန်ကုန်မှ ၂၁ ဦးနဲ့ ဒေသခံ ၃ ဦး ပေါင်း ၂၄ ဦးရှိကြောင်းသိရှိရပါတယ်။ မော်ဖသတ္တုတူးဖော်ရေးကုမ္ပဏီကတော့ ကျိုင်းတုံနဲ့ဒေသခံအလုပ်သမား ၃၁ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။ ဒီလုပ်ငန်းတွေမှာ ဆောင်ရွက်တဲ့အလုပ်သမားများကို မြန်မာအလုပ်သမားများသာ ခန့်ထားဖို့အတွက် သတ္တုတွင်းဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ထဲမှာလည်းပဲ ဖော်ပြထားကြောင်းသိရှိရပါတယ်။ သစ်ထုတ်လုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လွယ်မွေကုမ္ပဏီဟာ မိုင်းဖြတ်ဒေသတည်ဆောက်ရေးလုပ်ငန်းတွေမှာ သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် သစ်ထုတ်လုပ်ခြင်း၊ အဆောက်အဦများတည်ဆောက်ခြင်းများ ပြုလုပ်ခဲ့တာရှိပါတယ်။ ထိုစဉ်က ဒေသခံလုပ်သား ၂၀၀ ခန့်အလုပ်ရရှိခဲ့ကြောင်းလည်းသိရှိရပါတယ်။ ယခုအခါ ၎င်းကုမ္ပဏီဟာ ဆောက်လုပ်ရေးလုပ်ငန်းများမရှိတော့ပါဘူး။ သို့ပါသော်လည်းပဲ ရာဘာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိတဲ့အတွက် ဒေသခံအလုပ်

သမား ၂၀၀ ခန့်ငှားရမ်းလုပ်ကိုင်ရန်ရှိကြောင်းလည်း သိရှိရပါတယ်။ ယခုအခါ မြန်မာ့သစ်လုပ်ငန်းက ၂၀၁၁-၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ မိုင်းဖြတ်မြို့နယ်မှာ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိတော့ဘဲ မိုင်းဆတ်မြို့နယ်၊ မိုင်းပုကြီးကြိုးဝိုင်း၊ မိုင်းပုကြီးကြိုးပြင်၊ မိုင်းကန်ကြိုးဝိုင်း(၁)၊ မဲကင်ဂူကြိုးဝိုင်းတို့မှာ သစ်ထုတ်လုပ်ရေးကုမ္ပဏီ ၃ ခုတို့က သစ်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြပြီး သစ်လုံးများအား တာချီလိတ်မြို့ သစ်ဆိပ်သို့ပို့ဆောင်သယ်ယူရေး ဆောင်ရွက်လျက်ရှိပါတယ်။ သစ်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာမှာ ခုတ်လှဲသည်မှ သစ်ဆိပ်ရောက်သည်အထိ စက်လှလုပ်သား၊ ဆင်၊ စက်၊ ယာဥ်၊ ယန္တရားများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် ကျွမ်းကျင်မှုလိုအပ်ပါသဖြင့် ကျွမ်းကျင်ဝန်ထမ်းများခန့်ထား ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရှိရပါတယ်။ ဒေသခံများအနေနဲ့ကတော့ တောတွင်းသစ်ကွက်များတွင် ပင်ထောင်ရှာဖွေခြင်းအတွက် တောကျွမ်းသူငှားရမ်းအသုံးပြုခြင်း၊ သစ်ဆိပ်အစောင့်၊ ယာဥ်မောင်းယာဥ်နောက်လိုက်များအဖြစ်ခန့်ထားလျက်ရှိကြပြီး ကျွမ်းကျင်လာပါက ဆင်ဦးစီး၊ ယာဥ်၊ ယန္တရားမောင်းများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ စီစဥ်ဆောင်ရွက်ပေးကြောင်းသိရှိရပါတယ်။ သို့ပါ၍ မိုင်းဖြတ်ဒေသအတွင်း လွယ်မွေကုမ္ပဏီမှ ရာဘာစိုက်ပျိုးရေးလုပ်ငန်းအတွက် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိမှာဖြစ်ပြီး၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းမှာတော့ ဒေသခံများအနေနဲ့ လုပ်ငန်းလိုအပ်ချက် ကျွမ်းကျင်မှုနှင့်ကိုက်ညီလို့ရှိရင် နယ်မြေခံအလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးများနှင့်ဆက်သွယ်ပြီး အလုပ်အကိုင်ရရှိရေးအတွက် စီစဥ်ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းအကြောင်းအရာကတော့ မြေနိမ့်ပိုင်း ဒီရေရောက်ဒေသတွေမှာ လယ်ယာမြေတွေကိုဆည်ဖို့ရာမှာ စက်ယန္တရား အကူအညီပေးရေးဖြစ်ပါတယ်။ အကျိုးအကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားပင်လယ်အော်နဲ့ ထိစပ်နေတဲ့ဒေသတစ်ခုဖြစ်လို့ မုန်တိုင်းဒဏ်ကို မကြာခဏခံရလေ့ရှိပါတယ်။ ကျွန်တော်တို့ မြေပုံမြို့နယ်ဆိုရင်မုန်တိုင်းက ရခိုင်ပြည်နယ်ရဲ့မြောက်ပိုင်း ပဲတိုက်တိုက်၊ တောင်ပိုင်းပဲတိုက်တိုက်၊ အလယ်ပိုင်းပဲတိုက်တိုက် အမြဲတမ်းခံတန်းရတဲ့မြို့နယ်တစ်ခု

ဖြစ်ပါတယ်။ မနှစ်ကလည်း ဂီရိမုန်တိုင်းဒဏ်ကြောင့် အလူးအလဲခံခဲ့ရပါသေးတယ်။ အဓိကဆုံးရှုံး နစ်နာသူတွေကတော့ နူရာဝဲစွဲဖြစ်ရတဲ့လယ်သမားတွေပါပဲ။ မြေနိမ့်ပိုင်းဒေသတွေမှာ ရေငန်တားတာ ပေါင်ရိုးတွေဒေသအခေါ်တော့ ကာရီပေါ့လေ၊ အဲဒီကာရီတွေနဲ့ ဝိုင်းပတ်ဆည်ဖို့ပြီးတော့ လုပ်စား နေကြရပါတယ်။ ဒီကာရီဆိုတာ သုံးချက်ထုမှတစ်ခဲရတဲ့ လက်ဆယ်ခဲလေးတွေနဲ့ လယ်သမားတွေက ပုရွက်ဆိတ်အိမ်ဆောက်သလို ပင်ပန်းကြီးစွာတည်ဆောက်ထားရတာဖြစ်ပါတယ်။ မုန်တိုင်းတစ်ခါ တိုက်လိုက်တိုင်း မုန်တိုင်းအားပြင်းရင်ပြင်းသလို ပျက်စီးကြရပါတယ်။ အိန္ဒိယတို့၊ ဘင်္ဂလားဒေ့ရှ်တို့မှာ မုန်တိုင်းဝင်ရင်တောင်မှ ဒီရေမျက်နှာပြင်ကကြွတက်လာပြီးတော့ ရေကျော်ကျိုးပေါက် စပါးတွေဆုံးရှုံး ရပါတယ်ခင်ဗျား။ ပထမအကြိမ်ပုံမှန်အစည်းအဝေးတုန်းက ကျွန်တော်တင်သွင်းခဲ့တဲ့ သဘာဝဘေး အန္တရာယ်ကျရောက်ရာဒေသတွေကို နိုင်ငံတော်ကအရေးပေါ်ဒေသအဖြစ် သတ်မှတ်ကြေညာအကူ အညီပေးရေးဆိုတဲ့အဆိုကို တင်သွင်းစဉ်တုန်းက ထောက်ခံဆွေးနွေးသွားတဲ့ သာပေါင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ရခိုင်မှာ ဂီရိမုန်တိုင်းတိုက်တော့ ကျွန်တော်တို့ ဧရာဝတီမှာ စပါးခင်းတွေကျိုးပေါက်ပျက်စီးပြီး စပါးတွေဆုံးရှုံးရပါတယ်ဆိုတဲ့တင်ပြတာကို သတိရ မိပါတယ်။ မှန်ပါတယ်။ မြန်မာနိုင်ငံရဲ့ဘယ်ဒေသ၊ ဘယ်မှာပဲမုန်တိုင်းတိုက်တိုက် ပင်လယ်ကမ်းခြေ မြေနိမ့်ပိုင်း ဒီရေရောက်စပါးကွင်းတွေဟာ ကျိုးပေါက်ပျက်စီးရတာမုချဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဖြစ်ရတဲ့အကြောင်းရင်းက လယ်သမားတွေဟာ ဒီရေတားကာရီတွေကို ထုနဲ့ထည်နဲ့ ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်ကြလို့ဖြစ်ပါတယ်။ ဆင်းရဲလို့ဖြစ်ပါတယ်။ ထမင်းကြမ်းခဲလေးတွေကိုစားပြီး ဒီလို ကြီးမားတဲ့ သဘာဝဘေးအန္တရာယ်ကို အံတုကာကွယ်နေရလို့ လယ်သမားတွေဘဝ လည်းတဖြည်း ဖြည်းလက်ပန်းကျလို့ လာနေတာကိုတွေ့မြင်ရပါတယ်။ မကြာခဏ ပြင်လိုက်ပျက်လိုက်နဲ့ ကာရီတွေက လည်းအဖြစ်သဘောလောက်သာရှိပါတော့တယ်။ ကာရီတွေသာမဟုတ် လူတွေလည်းအဖြစ်သဘော လောက်ပဲရှိပါတော့တယ်ခင်ဗျား။ မနှစ်က မုန်တိုင်းတိုက်ခဲ့တဲ့ကာရီတွေကို နိုင်ငံတော်အစိုးရ၊ NGO ၊ INGO အဖွဲ့တွေကအကူအညီနဲ့ ပြန်လည်တည်ဆောက်ဆည်ဖို့ပြီးတော့ စိုက်ပျိုးခဲ့ကြပါသော်လည်းပဲ မိုးတွင်းမှာမြေသားတွေ အသားကျခိုင်မာမှုမရှိသေးခင်မှာပဲ ဒီရေကကြီး၊ မိုးကသည်းလို့ ကာရီတွေ တစ်ဖန် ကျိုးပေါက်ခဲ့ရပြန်တာကြောင့် အိုးတောင်းရွက်ပြီး ရွာပြန်လာရတဲ့လယ်သမားတွေကို မြင်တွေ့ရ၊ သူတို့ရဲ့ အပူရုပ်နဲ့အငိုမျက်နှာတွေကိုမြင်တွေ့ရ၊ အဲဒီကအစ ဒီမေးခွန်းလည်း သန္ဓေတည် ခဲ့ရတာပါပဲခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားတွေဘဝဟာ ဆေးလိပ်လည်းတိုနေလည်းညို ဆိုသလိုဖြစ်နေပါပြီ။ စပါးကမဖြစ်၊ ဖြစ်ပြန်တော့ဈေးကမရ၊ ဈေးအနှိမ်ခံရ ဒီကြားတည်း ကျေးဇူးရှင် ဦးကြီးတွေ၊ ဦးကြီးတွေလို့မြှောက်ပင့်ပြီးတော့ ချစ်ချစ်နဲ့တီးလိုက်ကြတဲ့ မြန်မာ့ချစ်တီးတွေကြောင့်

လယ်သမားတွေ ဘဝလည်းမျှော့မျှော့လေးပဲကျန်ပါတော့တယ်ခင်ဗျား။ ဒီလိုပုံနဲ့ မိုးကြီးချုပ်တော့မယ် လယ်သမားတွေရဲ့ဘဝမှာ ဒီ့ထက်ကြောက်စရာကောင်းတဲ့ ခြိမ်းခြောက်မှုတစ်ခုလည်း ရှိနေပါသေးတယ်။ ဒါကတော့ တွေကုန်းမြင့်တွေမရှိတဲ့ မြေပြန့်၊ မြေနိမ့်၊ ပင်လယ်ကမ်းခြေမှာနေကြတဲ့ရွာတွေမှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စိုးရိမ်ရတဲ့အန္တရာယ်ပါပဲ။ ပင်လယ်ပြင်မှာ လေဖိအားနည်းရပ်ဝန်းတွေ၊ မုန်တိုင်းတွေဖြစ်ပေါ်နေပြီလို့ ရေဒီယိုကကြေညာတယ်ဆိုရင်ပဲ ဒေသခံပြည်သူတွေဟာ ရင်တမမနဲ့ ဘုရားတနေကြရပါတယ်။ ၁၉၆၈ ခုနှစ်၊ မုန်တိုင်းဟာ မြေပုံ၊ ပေါက်တော၊ မင်းပြား တြိဂံဒေသမှာရှိတဲ့ အမာရီးကားအပါအဝင် ရွာပေါင်း ၅၀ ကျော်ကို ပင်လယ်ရေအောက်ကို ရောက်သွားစေပါတယ်။ လူတွထောင်ချီပြီးသေခဲ့ရပါတယ်။ ၂၀၀၈ နာဂစ်မုန်တိုင်းမှာလည်း ဧရာဝတီတိုင်းဒေသကြီးမှာလူတွေ သိန်းချီပြီး သေကြေပျက်စီးခဲ့ကြရပါတယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ဒီရေမျက်နှာပြင်လည်း တစ်နေ့ တစ်ခြားမြင့်တက်လာတာကို ကျွန်တော်တို့တွေ့မြင်နေရပါတယ်။ ကာရီဟာနဂိုက ၄ တောင် လောက်သာမြင့်ရင် ယခုအခါမှာ ၅ တောင်လောက်မြင့်အောင်ဆည်ဖို့ပါမှ ဒီရေကိုတားလို့ရပါတော့ မယ်။ ဒီအတိုင်းစက်ယန္တရားအကူအညီမပါဘဲ လက်ချည်းသက်သက်အံတုနေကြမယ်ဆိုရင်တော့ ဘယ်လိုမှတောင့်ခံနိုင်ကြတော့မှာမဟုတ်ပါဘူး။ ဒီလယ်ယာမြေတွေကို ဒီအတိုင်းလက်လွှတ်ဆုံးရှုံးခံ လိုက်ရမယ်ဆိုရင်တော့ နောင်လာမယ့် မျိုးဆက်သားသမီးမြေးမြစ်တွေအတွက် တာဝန်မကျေတဲ့ မိဘေတွဖြစ်ကြရပါလိမ့်မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူပေါင်းများစွာ၊ ရက်ပေါင်းများစွာလုပ်ရသော အလုပ်ကို စက်ယန္တရားကြီးကြီးဖြင့် တစ်နေ့တည်းနဲ့ပြီးနိုင်၏လို့ ငယ်ငယ်တုန်းက ဖတ်စာမှာဖတ်ဖူးပါ တယ်။ ဒီလယ်ဒီမြေတွေကို စက်ယန္တရားကြီးတွေအကူအညီနဲ့ ထုထည်ကြီးမားခိုင်ခန့်တဲ့ ကာရီတွေ တည်ဆောက်ပေးကြရပါမယ်။ မဆုတ်တမ်းခံတပ်တွေအဖြစ် တည်ဆောက်ပြီးတော့ နောင်လာ နောက်သားတွေကို အမွေဆက်ခံပေးခဲ့ရပါမယ်။ နိုင်ငံတော်က စက်ယန္တရားတွေသုံးပြီး စစ်ကူပေးသင့် ပါတယ်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဒီလိုမြေနိမ့်ဒေသတွေကို ထုထည်ကြီးမားတဲ့ ကျွန်းပတ် ကာရီတွေတည်ဆောက်ပြီးတော့ ဒီအပေါ်မှာ ကားလမ်းတွေ၊ စက်ယန္တရားကြီးတွေသုံးပြီးတည်ဆောက် ပေးတယ်လို့ကြားသိရပါတယ်။ ဒီတော့ လမ်းပန်းဆက်သွယ်ရေးလည်းအဆင်ပြေ၊ အသက်အိုးအိမ် လည်းလုံခြုံစိတ်ချရ၊ လယ်ယာမြေတွေလည်း ကောင်းမွန်လာပြီး နိုင်ငံတော်ကလည်း တစ်ခါကုန်ကျရုံနဲ့ ရေရှည်စိတ်အေးရပြီး၊ ပြည်သူတွေဘဝလည်း ကောင်းစားလာမှာဖြစ်ပါတယ်။ အကယ်၍များ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ဖို့စက်ယန္တရားကြီးတွေ ကျွန်တော်တို့ဒေသကို ရောက်လာမယ်ဆိုရင်ဖြင့် ဒီစက်ယန္တရားကြီးကိုတစ်ခါမှ မမြင်ဘူးသေးတဲ့ ဒေသခံလယ်သမားတွေဟာ ဒါတွေကိုကြည့်ကြည့် ပြီးတော့ အံ့သြဝမ်းသာပီတိဖြစ်နေကြမှာ မြင်ယောင်မိပါတယ်။ ဒေသခံလယ်သမားတွေကလည်း

တတ်နိုင်သမျှ ငွေအား၊ လူအားပူးပေါင်း ဆောင်ရွက်ကြမယ်လို့ လုံးဝယုံကြည်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အထက်ဖော်ပြပါ အကျိုးအကြောင်းတွေကို ခြုံငုံပြီးတော့ မေးခွန်းအဖြစ် တင်ပြလိုတာကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် မြေနိမ့်ပိုင်းဒေသ၊ ဒီရေရောက်ဒေသတွေကို ကာလီလို့ခေါ်တဲ့ တာပေါင်ရိုးများကိုဆည်ဖို့ရာမှာ လယ်သမားများအား ထုထည်ကြီးမားခိုင်ခံ့သော ကာလီများဖြစ်အောင် စက်ယန္တရားအကူအညီများပေးနိုင်ပါသလား။ သို့မဟုတ် ဤပြဿနာအား နိုင်ငံတော်အစိုးရက မည်သို့ဖြေရှင်းပေးမည်ကို သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးသူများနဲ့ကုန်ထုတ်လုပ်သူများအတွက် ရည်ရွယ်ပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှစ်ခုနဲ့ သက်ဆိုင်မယ်လို့ထင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့နေရာမှာ တောင်သူလယ်သမားများနဲ့ စိုက်ပျိုးထုတ်လုပ်သူများဟာ သီးနှံဈေးကွက်ကိုမဖြစ်မနေ သိရှိဖို့လိုအပ်ပါတယ်။ သီးနှံရဲ့ဝယ်လိုအားရောင်းလိုအားနဲ့ ဈေးနှုန်းစတဲ့ သတင်းအချက်အလက်များကိုသိရှိနေမှသာ သူတို့စိုက်ပျိုးထုတ်လုပ်မှုရဲ့လုပ်ငန်းများမှာ အကျိုးအမြတ်များရရှိမှာဖြစ်ပါတယ်။ ဒီသတင်းအချက်အလက်များကို စာစောင်များ၊ ဂျာနယ်များ၊ အင်တာနက်များမှာ ကြည့်ရှုနိုင်ပေမယ့်လို့ ဘဝအခြေအနေအရ ကြည့်ရှုနိုင်တဲ့အရေအတွက် အလွန်နည်းပါးတာကိုတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Internet Source နဲ့ပတ်သက်လို့ ၃၀၀၀၀၀ လောက်ရှိပြီးတော့ ဒီနေရာမှာ ဒီ Data Transper လုပ်တဲ့သူကနည်းပြီး Game နဲ့ Chatting ထိုင်တဲ့သူကများပါတယ်။ ဒါကြောင့် သတင်းရရှိဖို့အတွက်ကို နိုင်ငံတော်ကနေ စီစဉ်ပေးဖို့လိုမယ်လို့ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်အနေအထားနဲ့ကာလမျိုးမှာ ဝယ်လိုအားလည်းမရှိ၊ ဈေးကောင်းလည်းမရနိုင်တဲ့သီးနှံမျိုးကို မစိုက်ပျိုးဘဲနဲ့ဝယ်လိုအားလည်း၊ ဈေးကောင်းလည်းမရနိုင်တဲ့ သီးနှံမျိုးကို စိုက်ပျိုးဖို့အထူးလိုအပ်ပါတယ်။ ဒီလိုစိုက်ပျိုးနိုင်ဖို့ဆိုရင် နိုင်ငံတော်ကနေ စိုက်ပျိုးသူတောင်သူများနဲ့ ထုတ်လုပ်သူများကို သတင်းအချက်အလက်များနဲ့ ပတ်သက်ပြီးတော့

ဖြစ်စေ၊ နည်းပညာများနဲ့ ပတ်သက်ပြီးတော့ဖြစ်စေ စဉ်ဆက်မပြတ်သိရှိနေအောင်ဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ပါတယ်။ ဒါမှသာကောင်းမွန်သော ဈေးကွက်ကိုရှာဖွေရရှိမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်ကာလမျိုးမဟုတ်ဘဲနဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်နိုင်ငံများမှာ သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးသီးနှံများစွာ ပျက်စီးဆုံးရှုံးသွားတဲ့အခါမျိုးမှာ ဈေးကွက်အနေအထားအရ၊ ဝယ်လိုအားအရ ရော၊ အခွင့်အရေးကောင်းတွေ ရရှိနိုင်တာမျိုး ကျွန်တော်တို့ကြုံတွေ့ကြမှာဖြစ်ပါတယ်။ ဒီလိုအခြေ အနေမျိုးမှာ ပတ်ဝန်းကျင်နိုင်ငံများရဲ့ လိုအပ်ချက်ကို မိမိရဲ့ဈေးကွက်အဖြစ် ဖန်တီးနိုင်မှုဆောင်ရွက် နိုင်မယ်ဆိုရင် စိုက်ပျိုးသူတောင်သူလယ်သမားများနှင့် ထုတ်လုပ်သူများကို သတင်းအချက်အလက် များကြိုတင်ချထားပေးဖို့လိုမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်တွေ့လုပ်ကိုင်နေတဲ့ လုပ်ငန်းနဲ့ပတ်သက်လို့ ဥပမာတင်ပြရရင် စိုက်ပျိုးသီးနှံမဟုတ်ဘဲနဲ့ သာမန်ဟင်းသီးဟင်းရွက်ထဲက ဂျူးမြစ်၊ ဂျူးမြစ်ကို ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ကလော၊ အောင်ဘန်း၊ ပင်းတယစတဲ့ ဒေသတွေမှာ ထွက်ပါတယ်။ ယခင်ကာလက ဒီပစ္စည်းတွေကို ကျွန်တော်တို့ အရှေ့ဘက်နိုင်ငံကို အောက်ဈေးနဲ့ ရောင်းချနေရတဲ့ အနေအထားဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ ဈေးကွက်ရှာဖွေကြည့်တဲ့အခါမှာ ဒီဂျူးမြစ်များကို ကင်ချီအဖြစ်အသုံးပြုတဲ့ အလားတူ အခြားအစားအသောက်တွေမှာ သုံးဖို့အတွက် ဝယ်ယူလာတာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်မှာ ဒီပစ္စည်းကို ဒေသပေါက်ဈေး ဟာတစ်ကယ်တော့ ဒေသမှာ တစ်ပိဿာ ၃၅၀ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဒေသရဲ့ဒိုင်ရောက်တဲ့ အခါမှာ ၅၀၀ ဈေးနဲ့ဝယ်ယူပါတယ်။ ရန်ကုန်အရောက် ၇၀၀ ပေးပြီးတော့ ဈေးကောင်းရင် ကျွန်တော် တို့ ၁၀၀၀ ထိပေးတဲ့အဆင့်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့တန်ချိန် ၁၂ တန်တင်ပို့နိုင်ပါ တယ်။ ဒီလိုတင်ပို့တဲ့အတွက်ကြောင့် ယနေ့ လာမယ့်နှစ်မှာ ဝယ်လိုအားနဲ့ ဈေးကွက်အခြေအနေ ကောင်းလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကြိုတင်သတင်းရရှိတဲ့အတွက်ကြောင့် လာမယ့်နှစ်မှာ ပိဿာချိန်ပေါင်း ကျွန်တော်တို့ ၁၂ သိန်း၊ တန်ချိန်အားဖြင့် ၂၀၀၀၊ ဝင်ငွေအားဖြင့် နိုင်ငံခြားငွေ ဒေါ်လာတစ်သောင်းဖိုးခန့် တင်ပို့နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်လျက်ရှိပါသည်။ နေရာဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများသည် နိုင်ငံ အတွက်သော်လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်သူများအတွက်သော်လည်းကောင်း အထူးတလည် အကျိုးဖြစ်ထွန်းပါသည်။ ယနေ့ကာလတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ပတ်ဝန်းကျင်နိုင်ငံ များတွင် သဘာဝဘေးအန္တရာယ်များနှင့်ကြုံတွေ့လျက်ရှိရာ သီးနှံများပျက်စီးဆုံးရှုံးမှုကြောင့် သီးနှံရှား ပါးခြင်းနှင့် ဈေးနှုန်းကြီးမြင့်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့

သောအခြေအနေတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ အကျိုးဖြစ်ထွန်းစေရန် အောက်ပါတို့ကို အသိပေးထုတ်ပြန်ပေးရန်အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။

(၁) သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော အိမ်နီးချင်းနိုင်ငံများ အလိုက် စပါးနဲ့အခြားသီးနှံများ လိုအပ်ချက်။

(၂) မိမိနိုင်ငံအနေဖြင့် ၎င်းလိုအပ်ချက်အပေါ်မူတည် ၍ စိုက်ပျိုးရမည့် သီးနှံအမျိုးအစား၊ စိုက်ဧက၊ နည်းပညာအကြံပြုချက်။

(၃) စိုက်ပျိုးထုတ်လုပ်မှု သီးနှံအမျိုးအစားအလိုက် နိုင်ငံတကာဈေးကွက်၏ ဝယ်လိုအားနှင့်ရောင်းလိုအားအခြေအနေတို့ကို အသိပေးထုတ်ပြန်ပေးရန် အစီအစဉ်ရှိ၊မရှိ။ ရှိပါကမည်သို့ဆောင်ရွက်ပေးနိုင်မည်ကိုပြန်ကြားပေးဖို့ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သရင်းနဲ့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို ကျွန်တော်တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ ရခိုင်ပြည်နယ် မြေနိမ့်ပိုင်းဒီရေရောက်ဒေသများရှိ တာပေါင်ရိုး၊ ကာရီများကိုဆည်ဖို့ရာမှာ လယ်သမားတာများအား ထုထည်ကြီးမားခိုင်ခန့်သော ကာရီများဖြစ်အောင် စက်ယန္တရားအကူအညီများပေးနိုင်ပါမည်လား သို့မဟုတ်ဤပြဿနာအား နိုင်ငံတော်အစိုးရက မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ယခုကဲ့သို့ နယ်မြေလူထုအခက်အခဲအား တင်ပြမေးမြန်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းအား ယခုကဲ့သို့ ဖြေကြားခွင့်ရရှိတဲ့အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်း ထုထည်ကြီးမားခိုင်ခံ့အောင် ပြုပြင်ရန်လိုအပ်သော လယ်သမားတာ ၃၉၄ ခုရှိပြီး၊ ဆောင်ရွက်ရမည့် မြေကြီးကျင်းပမာဏ ၁၄ သိန်းခန့်ဖြစ်ပါတယ်။ မြေနိမ့်ပိုင်းဒီရေရောက်ဒေသများရှိ လယ်သမားတာများကို စက်ယန္တရားများဖြင့်ဆောင်ရွက်နိုင်ရန်မှာ စက်ယန္တရားကြီးများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်နိုင်ရေးအတွက် မြေပြင်လမ်းကြောင်းအနေအထား၊ ဖို့မြေရယူနိုင်ရန် မြေငှားထုတ်ယူနိုင်မည့် နေရာလိုအပ်ချက်စသည့် အခြေအနေများ

ကောင်းမွန်ပြည့်စုံမှသာ စက်များအသုံးပြု ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းကဏ္ဍအချို့တွင် စက်ယန္တရားများ ပြောင်းရွှေ့သယ်ယူရန် ဝေးလံခက်ခဲသော နေရာများကို ဒေသန္တရလုပ်အားဖြင့်သာ ဆောင်ရွက်ရလျက်ရှိပါတယ်။ အရေးကြီးဦးစားပေးဆောင်ရွက် ပေးရန်လိုအပ်သည့် လယ်သမားတာများကို စိစစ်ရွေးချယ်ပြီး လုပ်ငန်းများ အချိန်မီအကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော် အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်မူတည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး၏ မေးခွန်းနှင့်ပတ်သက်ပြီးတော့ မေးခွန်း(၃)ခုမှာ ပထမမေးခွန်းက တော့သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော အိမ်နီးချင်းနိုင်ငံများအလိုက် စပါးနဲ့အခြားသီးနှံများ လိုအပ်ချက်ကို တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ အကျိုးဖြစ်ထွန်းစေရန်အသိ ပေးထုတ်ပြန်ရန် အစီအစဉ်ရှိမရှိဖြစ်ပါတယ်။ ဒုတိယအနေနဲ့ မိမိတို့နိုင်ငံအနေဖြင့် ၎င်းလိုအပ်ချက် အပေါ်မူတည်၍ စိုက်ပျိုးရမည့်သီးနှံအမျိုးအစား၊ စိုက်ဧကနှင့် နည်းပညာအကြံပြုချက်များထုတ်ပြန် ပေးရန် အစီအစဉ်ရှိမရှိဖြစ်ပါတယ်။

တတိယမေးခွန်းကတော့ စိုက်ပျိုးရမည့် သီးနှံအမျိုးအစားအလိုက် နိုင်ငံတကာဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအခြေအနေတို့ကို တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူ များအကျိုးဖြစ်ထွန်းစေရန် ထုတ်ပြန်အသိပေးရန် အစီအစဉ်ရှိမရှိဆိုတဲ့ မေးထားတဲ့မေးခွန်းများဖြစ် ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းများသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုများကို အကျိုးဖြစ်ထွန်းစေရန်အတွက် သတင်းအချက် အလက်များဖြန့်ချိပေးခြင်း၊ အသိပညာများဖြန့်ချိပေးခြင်း၊ တစ်နည်းအားဖြင့် လယ်ယာကုန်ထုတ်လုပ် မှုတိုးတက်ရေးနှင့် သတင်းအချက်အလက် ဆက်စပ်မှုတို့ကို မေးမြန်းထားကြောင်းတွေ့ရှိရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်အကောင်အထည်ဖော်နေတဲ့ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားစေရေးအတွက် အခြေခံလိုအပ်ချက်ကြီး ၅ ရပ်တွင်အဓိက သော့ချက်ကျတဲ့ အချက်ဖြစ်တဲ့ ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာ အောင်ဆောင်ရွက်ပေးရမည်ဟူသောအချက်သည် ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းနှင့်ကိုက်ညီ ထင်ဟပ်နေသော အချက်ဖြစ်ပါတယ်။ တောင်သူလယ်သမားများ၏ ထုတ်လုပ်သီးနှံများအလိုက်

ဝင်ငွေတွက်ခြေကိုက်မှုနှင့် ဈေးကွက်လိုအပ်ချက်ကိုကိုက်ညီရန်မှာ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါတယ်။ ယနေ့ကာလတွင် သတင်းအချက်အလက်နည်းပညာ Information Technology မှာ ကမ္ဘာနှင့်အဝန်းတိုးတက်ထွန်းကားလျက်ရှိပြီး ကျေးရွာအဆင့်အထိ ဂြိုလ်တုဆက်သွယ်ရေးစနစ်အခြေခံသော လူတိုင်းလက်လှမ်းတမီ ငွေကြေးတတ်နိုင်ကြသူတိုင်း အလွယ်တကူဝယ်ယူကိုင်ဆောင်နိုင်သည့်လက်ကိုင်ဖုန်းများ ကျယ်ပြန့်စွာ အသုံးပြုနေကြသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

သတင်းအချက်အလက်နည်းပညာ၏ လျင်မြန်စွာတိုးတက်မှုအရှိန်အဟုန်ကြောင့် ကမ္ဘာကြီးကို ကမ္ဘာ့ရွာ Global Village အဖြစ်ရောက်ရှိနေပြီဖြစ်ကြောင်း တင်စားနေကြပြီဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မေးခွန်း (၃) ခုစလုံးမှာ တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများအတွက် မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များဖြစ်သည်နှင့်အညီ မိမိတို့လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း အပတ်စဉ်ထုတ်ဂျာနယ်များဖြစ်သော လယ်ယာစီးပွားဂျာနယ်၊ Commerce Journal၊ လစဉ်ထုတ် Trade New စာစောင်တို့တွင် မပြတ်သတင်းအချက်အလက်များ ဖော်ပြလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ထို့အပြင် Weekly Report Market News Bulletin တို့ကို WWW.Commerce. Gov.mmတို့တွင်ဖတ်ရှုနိုင်ကြောင်းနှင့် အခြားကုန်သွယ်မှုနှင့် ပတ်သက်သောသတင်းအချက်အလက်များအား WWW.Myanmar tradenet.com နှင့် WWW.Commercejournal.com.mm တို့တွင်လည်းကောင်း ကြည့်ရှုနိုင်ကြောင်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် သတင်းအချက်အလက်များကို တောင်သူလယ်သမားများ လက်လှမ်းတမီရရှိနိုင်စေရန် တတ်စွမ်းနိုင်သမျှဆောင်ရွက်ပေးလျက်ရှိနေကြောင်းပြောကြားလိုပါတယ်။ သို့ရာတွင် ကျေးလက်နေ တောင်သူလယ်သမားအနေဖြင့်ဈေးကွက်၏ သတင်းအချက်အလက် နောက်ဆုံးအခြေအနေများကို လက်လှမ်းတမီ အချိန်ကိုက်ရရှိအသုံးချနိုင်ရေးအဆင့်ကိုမူ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အပါအဝင်ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခုထက်အရှိန်အဟုန်မြှင့်၍ တောင်သူလယ်သမားများ၏ လက်တွေ့လက်လှမ်းမီ အကျိုးပြုနိုင်မည့်ပြန်ကြားရေး မီဒီယာလုပ်ငန်းများကို ပိုမိုထူထောင်ဆောင်ရွက်နိုင်ရန်များစွာ လိုအပ်နေဆဲဖြစ်ပါတယ်။ နိုင်ငံနှင့်အဝန်းလူဦးရေ ၇၀ ရာခိုင်နှုန်းပါဝင်လျက်ရှိသော ကျေးလက်နေပြည်သူများ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား ကျယ်ပြန့်သောသတင်းအချက်အလက်ဗဟုသုတများလုံလောက်စွာ လက်လှမ်းတမီရရှိလေ့လာ အသုံးပြုနိုင်စေရေးအတွက် အခြားသော

ကမ္ဘာ့နိုင်ငံများကဲ့သို့ ကျေးရွာအရောက် အဆင့်ဆင့်တောင်သူပညာပေး လယ်သမားကဏ္ဍ Information Network တစ်ရပ်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအပိုင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍကပါ မီဒီယာလုပ်ငန်းများတွင် ပါဝင်ထူထောင်ဆောင်ရွက်နိုင်ရေး အားပေးလုပ်ဆောင်သွားရန် လိုအပ်ချက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည် (ခ)ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ဖိတ်ကြားထားသောဧည့်သည်တော်များ ကျွန်တော်၏ မေးခွန်းဖြေကြားမယ့် ပညာရေးဝန်ကြီးအား ဂါရဝတရားနှင့်မင်္ဂလာပါလို့မိတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးနှင့် ပတ်သက်တဲ့မေးခွန်းတစ်ခုကို ကျွန်တော်မေးမြန်းမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အရည်သွေးပြည့်ဝမှုကို နိုင်ငံသားတစ်ဦးစီရဲ့ စွမ်းအင်မြင့်မားမှုအပေါ်မူတည်နေပါတယ်။ ထိုစွမ်းအင်မြင့်မားမှုရဲ့အရင်းခံမှာ ပညာရေးပိုင်းဆိုင်ရာ ကျွမ်းကျင် တတ်မြောက်မှုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကမ္ဘာ့အဆင့်မီ ပညာရေးကြိုးပမ်းဖော်ဆောင်မှုမှာလည်း ထိုအကြောင်းများ၏ အခြေခံဖြစ်ပါတယ်။ နိုင်ငံတကာပညာရေးကဏ္ဍရဲ့ စွမ်းဆောင်နိုင်မှုကို အဓိက ထားအလေးပေးဆောင်ရွက်လျက်ရှိကြပါတယ်။ ပညာရှင်များရဲ့ အခန်းကဏ္ဍမှာလည်းအမြင့်ဆုံးနေရာမှာရှိနေပါတယ်။ ယခု အစိုးရလက်ထက်မှာလည်း ပညာရှင်များကို ရှေ့တန်းတင် လာတာကိုတွေ့ရပါတယ်။ ပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရှင်များဦးဆောင်စေ၍ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲများ၊ ဆင်းရဲမှုလျှော့ပါးရေးအတွက် ပြုလုပ်နေကြတာကိုလည်းတွေ့ရပါတယ်။ ပညာရှင်များရဲ့ စွမ်းဆောင်ချက်ဟာအရေးပါ ကြောင်းနှင့် ပညာရှင်များလည်း အမြောက်အများလိုအပ်လျက်ရှိကြောင်းလည်း ထင်ရှားနေပါတယ်။ နိုင်ငံတော်မှာ ပုဂ္ဂလိကပညာရေး မြင့်မားမှုဆောင်ရွက်ချက်များကို ပိုမိုများပြားလာတာကိုတွေ့မြင်ရပါမယ်။ ပုဂ္ဂလိက ကျောင်းများမှာ နိုင်ငံတကာမှ နံမည်ကြီးတက္ကသိုလ်များရဲ့ Professor များခေါ်ယူ ပြီးတော့ ပြည်တွင်း မှာပဲဒီဂရီဘွဲ့ ပေးနိုင်တဲ့အထိဆောင်ရွက် နေသည်များကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါတယ်။ သို့သော် အရေအတွက် အလွန်နည်းပါး နေသေးတာကို တွေ့ရပါ တယ်။ နိုင်ငံတော်အစိုးရမှဖြစ်စေ၊ ပုဂ္ဂလိကမှဖြစ်စေနိုင်ငံတကာဘွဲ့များကို ပြည်တွင်းမှာပင် ရယူနိုင်ရန်ဆောင်ရွက်ပေးနိုင်ရေးအတွက် အလေးထားကြိုးစားရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာအလျဉ်းသင့်လို့အနည်းငယ်တင်ပြလိုပါ

တယ်။ တပ်မတော်အစိုးရလက်ထက်မှာ တက္ကသိုလ်ကျောင်းသားများ တစ်ဟုန်ထိုးများပြားလာတာကို တွေ့ရပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာပဲ တက္ကသိုလ်ကျောင်းများဟာ တစ်ဟုန်ထိုးများပြား လာမှုနဲ့ ဖြည့်ဆည်းပေးတာကိုလည်းတွေ့ရပါတယ်။ အရင်တုန်းက ရန်ကုန်တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်၊ ပြည်၊ မြစ်ကြီးနားတက္ကသိုလ်လေးခုပဲရှိပါတယ်။ အဲဒီလေးခုမှာလည်းပဲ Hostel Life ဆိုတဲ့ ကျောင်းအဆောင်နေ ကျောင်းသားများရဲ့ဘဝကိုဖန်တီးပေးခဲ့ပါတယ်။ ရှိခဲ့ပါတယ်။ ရန်ကုန်ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်နယ်မြေမှာဆိုရင် ကျောင်းသားအဆောင်တွေဖြစ်တဲ့ စစ်ကိုင်းဆောင်၊ အင်းဝ၊ ပင်းယ၊ ရွှေဘို၊ မန္တလေးစတဲ့ အဆောင်တွေနောက်ပြီး အမျိုးသမီးဆောင်များဖြစ်တဲ့ အင်းလျားဆောင်၊ ရတနာဆောင်၊ သီရိဆောင်၊ မာလာဆောင် အခုမာလာဆောင်မှာဆိုရင် Global English Center ဖွင့်ထားတာတွေ့ရ ပါတယ်။ လှိုင်တက္ကသိုလ်နယ်မြေမှာလည်းပဲ ပုပ္ပါး၊ ခပေါင်း၊ အင်းလေး၊ ဇီဝက စသည်ဖြင့်အဆောင် တွေရှိခဲ့ပါတယ်။ အဲဒီမှာ အမျိုးသမီးဆောင်များအဖြစ် သဇင်ဆောင်၊ သရဖီ၊ နှင်းဆီ၊ အင်ကြင်း၊ ကံ့ကော်စသည်ဖြင့် ကျောင်းဆောင်တွေရှိခဲ့ပါတယ်။ RIT အတွက် စက်မှုတက္ကသိုလ်အတွက်လည်း အဲဒီမှာပါဝင်ပါတယ်။ အင်းစိန်မြို့နယ်မှာရှိတဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ဖြစ်တဲ့ RIT ခေါ် YIT မှာလည်း ပဲအဆောင်များရှိပြီးတော့ လက်ရှိအဲဒီဆောင်တွေမှာတော့ ဘွဲ့လွန်တန်းနဲ့ ဆရာ၊ ဆရာမများကိုပဲထား တာတွေ့ရပါတယ်။ B.E ဘွဲ့ပေးမယ့် ကျောင်းသားတွေကို ဒီမှာကျောင်းဆောင်နေ ကျောင်းသားအဖြစ် ထားခြင်းမရှိပါဘူး။ နောက်စက်မှုတက္ကသိုလ်အနေနဲ့ ရန်ကုန်၊ မန္တလေး နှစ်နေရာမှာပဲရှိတဲ့အတွက် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားတွေဟာ ရန်ကုန်၊ မန္တလေးမြို့ကိုတက်လာပြီးတော့ တစ်နိုင်ငံ လုံးမှာရှိတဲ့နယ်ကျောင်းတွေက အဆောင်ကျောင်းသားအဖြစ် နေခွင့်မရတဲ့အတွက် အပြင်မှာပဲငှားရမ်း ပြီးတော့ နေထိုင်ကြရတာတွေတွေ့ရပါတယ်။ ဘယ်လိုပဲ အမှတ်မြင့်မှဝင်နိုင်တဲ့ UFL လို့ခေါ်တဲ့ နိုင်ငံခြားဘာသာတက္ကသိုလ်မှာလည်း တစ်နိုင်ငံလုံးမှာ နှစ်ကျောင်းပဲရှိတဲ့အတွက် ကျောင်းသားတွေက လည်းအပြင်မှာပဲ ရရာအဆောင်တွေမှာ နေထိုင်ကြရတာကိုတွေ့ရပါတယ်။ အပြင်မှာနေတဲ့ ကျောင်းသားတွေအနေနဲ့ တက္ကသိုလ်အဆောင်များမှာလို Hall Tutor များရဲ့မိဘသဖွယ်အုပ်ထိန်းမှု သင်ကြားရေးမှာ နေ့၊ ညသင်ပေးနိုင်မှုတွေ ကင်းလွတ်တဲ့အတွက် ကျောင်းသားလူငယ်တွေဟာ အကျင့် စာရိတ္တပိုင်းမှာ မိမိကိုယ်မိမိ မထိန်းသိမ်းနိုင်တဲ့လူငယ်တွေ တော်တော်များများလည်းဖြစ်ပေါ်လာတာ တွေ့ရပါတယ်။ မိန်းကလေးပိုင်းမှာလည်း အများကြီးမြင်တွေ့ရတာဖြစ်ပါတယ်။ ဒါဟာဆိုရင်အဆောင် နေကျောင်းသားရဲ့ ဘဝမှာလုံခြုံမှုရှိတာ၊ တိုးတက်မှုရှိတာ ပညာရေးနှင့်ပတ်သက်ပြီး တစိုက်မတ်မတ် ရှိတာတွေဟာ အင်မတန်မှကောင်းတဲ့အချက်တွေ ဒီအချက်တွေကို မဖန်တီးနိုင်ဘဲနဲ့ အပြင်မှာနေခဲ့ရတဲ့ ကျောင်းသားတွေ၊ အပြင်မှာနေနေရတဲ့ ကျောင်းသားတွေအတွက်က ဖန်တီးချက်အားနည်းတယ်လို့

လုပ်ဆောင်ချက်အားနည်းတယ်လို့ အဲဒီလိုပဲသုံးသပ်ရပါတယ်။ ပြီးတော့ရန်ကုန်တက္ကသိုလ်ပင်မဆောင်တွေဖြစ်တဲ့ အဆောင်တွေမှာဆိုရင် ဥပဒေနဲ့ပတ်သက်ပြီး ဒီပလိုမာတို့၊ ဘွဲ့လွန်သင်တန်းမျိုးတွေပေးနေတာကိုတွေ့ရပါတယ်။ Eco ဆောင်မှာလည်း ဘွဲ့လွန် MPAတို့၊ MD တို့သင်ကြားပေးနေတာကိုတွေ့ရပါတယ်။ Eco ဆောင်အနေနဲ့ Eco ကျောင်းဆောင်အဖြစ် တောင်ဒဂုံမြို့သစ်မှာ သီးသန့်ဖွင့်ထားတာကိုလည်းတွေ့ရပါတယ်။ Main ထဲမှာပင်မတက္ကသိုလ်ကြီးထဲမှာ သင်ကြားရေးအတွက်သွားရတဲ့ ဆရာဆရာမတွေဟာ နေ့လယ်နေ့ခင်းမှာတောင် ကျောင်းထဲမှာလူပြတ်နေတဲ့အတွက် သူတို့အန္တရာယ်ရှိတယ်လို့တောင် ငြီးကြတာတွေ့ခဲ့ရဖူးပါတယ်။ သထုံလမ်းမှာတော့ အရင်တုန်းကရှိခဲ့တဲ့ အဆညမှာ Foreing Student Hostal ကျားနှစ်ဆောင်ရှိပြီးတော့ မတစ်ဆောင်၊ ဆရာများအတွက် တစ်ဆောင် အဲဒါကတော့ အစဉ်အလာအဖြစ် ယနေ့တိုင်ရှိနေဆဲဖြစ်ပါတယ်။ ဒီနေရာမှာ ပညာရေးဝန်ကြီးဌာနကို ချီးကျူးစရာစကားတစ်ခုအဖြစ်ထည့်ပြောလိုပါတယ်။ ပညာရေးအဆောင်တွေဖြစ်တဲ့ ပြည်၊ ပုဂံ၊ တကောင်း၊ နဝဒေး အခုအသစ်ထပ်တိုးလာတဲ့ အနော်ရထာအဆောင်တွေမှာ B.Ed ဘွဲ့ပေးမယ့်ဆရာ၊ ဆရာမလောင်းများကို လေ့ကျင့်ပေးနေတဲ့ ကျောင်းကတော့တကယ့် Hostel Life ပါပဲ။ မနက်အိပ်ရာကထကာစ ကစားချိန်၊ စားချိန်၊ နားချိန်၊ စာသင်ချိန်၊ စာစစ်ချိန်၊ Night Study အပါအဝင် ဘုရားရှိခိုးတာကအစ ညီညီညာညာနဲ့ ကျောင်းစိမ်းယူနီဖောင်းလေးများနဲ့ သင်ကြားလေ့ကျင့်ပေးတာကိုဝမ်းမြောက်ဖွယ်တွေ့ရပါတယ်။ ဒါကိုတော့ ပညာရေးဌာနကို ချီးကျူးလေးစားပါတယ်။ အဲဒီလိုမျိုးအဆောင်မျိုးတွေကို ကျွန်တော်တို့နိုင်ငံမှာ မြို့လယ်ခေါင်မှာရှိနေတဲ့ ကျောင်းဆောင်ကြီးများမှာဖြစ်စေချင်ပါတယ်။ နိုင်ငံတော်မှာ ကျောင်းသားပေါင်းအမြောက်အများ လက်ခံလေ့ကျင့်မွေးထုတ်ပေးနိုင်မယ့် Hostel လိုတက္ကသိုလ်ကျောင်းဆောင်များရှိပါသော်လည်း အကျိုးရှိစွာ အပြည့်အဝအသုံးမချနိုင်မှုတွေတွေ့ရပါတယ်။ အကျိုးရှိစွာ အပြည့်အဝအသုံးချနိုင်ရေးမှာ ကျောင်းသားများကို အပြင်းအထန်လေ့ကျင့်ပေးမယ့်ကျောင်းသားများမှ အပြင်းအထန်သင်ယူစေမယ့် နိုင်ငံတကာကျောင်းဆောင်များကဲ့သို့ နေ့ရော၊ ညပိုင်းပါ Class Study၊ Self Study ကဲသို့သင်ယူမှုများ၊ Libiary, online Study များကို Professor များ၊ ဒီကထိကဆရာများနှင့် အနီးကပ်နေ့ည သင်ယူနိုင်ခြင်းများကို ဖော်ဆောင်နိုင်ဖို့အတွက် မြို့ပြကိုအခြေခံ၍ တည်ဆောက်ထားတဲ့ မြို့တွင်းတက္ကသိုလ်ကျောင်းဆောင်များ ဖွင့်လှစ်ရန်လိုအပ်ပါတယ်။ ယခင်က နိုင်ငံတကာတက္ကသိုလ်များနှင့်တန်းတူ အဆင့်မီပညာရေးအတွက် အသုံးပြုတက္ကသိုလ်ကျောင်းဆောင်များအဖြစ် ဂုဏ်ယူဝင့်ထည်စွာရှိခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံနဂိုတုန်းက တက္ကသိုလ်လေးခုရှိခဲ့တဲ့ အချိန်တုန်းက ရန်ကုန်တက္ကသိုလ်က ကျောင်းပြီးတဲ့သူတွေက နိုင်ငံတကာက လုံးဝအသိအမှတ်ပြုတယ်ဆိုတဲ့ အခြေအနေမျိုးတွေကိုရှိခဲ့ရဖူးပါတယ်။ အခုလည်း ပညာရေးနဲ့

ပတ်သက်ပြီးတော့မှ ဖော်ဆောင်နေကြတာ အင်မတန်မှ ပညာရေးနဲ့ပတ်သက်ပြီးတော့မှ ရှေ့တန်းကို ရောက်နိုင်သမျှရောက်အောင် သွားနေတာကိုတွေ့ရပါတယ်။ သို့သော် လက်ရှိပညာရေးအတွက် အသုံးမပြုနိုင်လို့ ကျောင်းတံခါးတွေပိတ်ထားပြီးတော့မှ ယိုယွင်းမှုတွေကြောင့်မို့လို့ ဆုံးရှုံးမှုဖြစ်ရတာ ကျောင်းသားပေါင်းသောင်းနဲ့ချီပြီး ပညာဆည်းပူးစေနိုင်ရန် သင်ကြားပေးနိုင်တဲ့ ကျောင်းများကိုအသုံး မပြုနိုင်ခြင်းမှာ နိုင်ငံတော်အတွက် ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါတယ်လို့မြင်ပါတယ်။ ဒါကြောင့် မေးခွန်း မှာရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထင်ကရကျောင်းဆောင်များဖြစ်တဲ့ စက်မှုတက္ကသိုလ်ကျောင်း ဆောင်များ၊ ပညာရေးကျောင်းဆောင်များ၊ စီးပွားရေးကျောင်းဆောင်များစတဲ့ ရန်ကုန်ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်ကျောင်းဆောင်ဟောင်းများကို ကျောင်းဆောင်နေကျောင်းသားများ လက်ခံလေ့ကျင့်သင် ကြားပေးခြင်းဖြင့် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိပါသလား။ မရှိပါကဘာကြောင့်ပါလဲ။ သိချင်ပါတယ်။ ဒါပါပဲခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့်၊ နောင်ချိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ မံမော်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး လူထုပိုင်မူလတန်းကျောင်းကို ၁၉၉၈ ခုနှစ်မှစ၍ ကျောင်းသားမိဘတစ်ဦးက ဂရင်းပိုင်မြေ ၄.၇၅ ဧကကို လှူဒါန်းပြီး ရပ်ရွာကျောင်းသားမိဘ များက အလျားပေ ၇၀၊ အနံ ၁၈ ပေ၊ ရှေ့စမိတ် ၈ ပေရှိအုတ်ကာသွပ်မိုးကွန်ကရစ်ခင်း တစ်ထပ်ကျောင်းဆောင်ကို ကျောင်းအင်္ဂါရပ်နဲ့လျော် ညီစွာဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဂရင်းကိုယ့်အားကိုယ်ကိုး လူထုပိုင်မူလတန်း ကျောင်းမှကျောင်းသူကျောင်းသားများအား ပညာသင်ကြားပေးရန်အတွက် ဆရာ၊ ဆရာမနှစ်ဦးကို လည်းတစ်လလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့်ငှားရမ်းခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ (က) နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ မံမော်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး လူထုပိုင်မူလတန်း ကျောင်းအား နိုင်ငံတော်အစိုးရအသိအမှတ်ပြု အခြေခံပညာမူလတန်းကျောင်းအဖြစ် အသိအမှတ် ပြုရန်အစီအစဉ်ရှိပါသလား။ (ခ) တကယ်၍ အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ခွင့်ပြုမိန့်ချထားပေးမည်ကို သိရှိလိုကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်နဲ့ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်တို့ရဲ့ ပညာရေးဆိုင်ရာမေးခွန်းကို ကျွန်တော်တစ်ဆက်တည်း ဖြေမှာဖြစ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထင်ကရတက္ကသိုလ်ကျောင်းဆောင်များဖြစ်သည့် စက်မှုတက္ကသိုလ်ကျောင်းဆောင်များ၊ ပညာရေးကျောင်းဆောင်များ၊ စီးပွားရေးကျောင်းဆောင်များစသည့် ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ကျောင်းဆောင်ဟောင်းများကိုကျောင်းဆောင်နေကျောင်းသားများ လက်ခံလေ့ကျင့်သင်ကြားပေးခြင်းဖြင့် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိပါသလားဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်များမှာ အမျိုးသား၊ အမျိုးသမီးအဆောင်များစုစုပေါင်း ၂၃ ဆောင်ရှိပါတယ်။ ယခုအခါမှာ ရန်ကုန်တက္ကသိုလ်ရှိ သီရိဆောင်အား အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ Southeast Asian Ministers of Education Organization Regional Centre for History and Tradition(SEAMEO CHAT)၏ ဒေသလုံးဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာနအဖြစ် အသုံးပြုလျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ရှိ မာလာဆောင်အား အမျိုးသားအင်္ဂလိပ်ဘာသာစကား ဗဟိုဌာန National Centre of English Language (NCEl) အဖြစ်ဖွင့်လှစ်၍ ကျောင်းသူကျောင်းသားများနှင့်ဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေး အင်္ဂလိပ်စာဒီပလိုမာနှင့် မဟာသင်တန်းများ၊ Global English သင်တန်းများ၊ မြန်မာ-အိန္ဒိယ အင်္ဂလိပ်စာလေ့ကျင့်သင်ကြားရေး ဗဟိုဌာန Myanmar-India Centre for English Language Training (MICELT) စသောသင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ထားရှိပါတယ်။ ကျန်အဆောင်စုစုပေါင်း ၂၁ ဆောင်အား ရန်ကုန်ဇရိယာအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ပါရဂူ

သင်တန်းသားများအတွက် အကျိုးရှိစွာအသုံးပြုလျက်ရှိပါတယ်။ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူစုစုပေါင်းဟာ ၁၈၅၃ ဦးရှိပါတယ်။ ယခင်က ကျောင်းဆောင် ၄ ဆောင်သာရှိခဲ့ပြီး ယခုအခါ၌ အမျိုးသားကျောင်းဆောင်တစ်ဆောင် တိုးချဲ့၍ ဆောက်လုပ်ပြီး၊ နယ်ဝေးကျောင်းသား ၉၀ ဦး၊ ကျောင်းသူ ၈၇၀ ဦးတို့အား ယခင်အတိုင်းစိစစ်၍ ကျောင်းဆောင်နေထိုင်ခွင့်ပြုထားပါတယ်။ ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းများဖွင့်လှစ်ပို့ချ၍ သုတေသနအထူးပြု အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ သို့ပါ၍ ရန်ကုန်တက္ကသိုလ်တွင် မဟာသင်တန်းသား ၅၆၁ ဦး၊ ပါရဂူကြိုသင်တန်းသား ၁၉၀ ဦး၊ ပါရဂူသင်တန်းသား ၁၁၁၉ ဦး၊ ဒီပလိုမာသင်တန်းသား ၆၇၅ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၅၄၅ ဦးရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ရှိကျောင်းဆောင်စုစုပေါင်း ၁၀ ဆောင်တွင် ပါရဂူကြိုသင်တန်းသားများ၊ ရန်ကုန်မြို့ရှိတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများစုစုပေါင်း ၆၉၈ ဦးတို့အားစိစစ်၍ ကျောင်းဆောင်နေထိုင်ခွင့်ပြုထားလျက်ရှိပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ဘွဲ့ကြို ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူစုစုပေါင်းဟာ ၁၀၅၇၉ ဦးရှိပါတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျောင်းဆောင် စုစုပေါင်း ၆ ဆောင်သာရှိသဖြင့် ကျောင်းသား၊ ကျောင်းသူများအား အဆောင်နေထိုင်ခွင့်ပြုရန် လုံလောက်မှုမရှိသောကြောင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမနှင့်ဝန်ထမ်းစုစုပေါင်း ၁၂၁ ဦးတို့အားနေထိုင်ခွင့်ပြုထားလျက်ရှိပါတယ်။ ယခင်က ကျောင်းဆောင်များတွင် ကျောင်းသားများ ထားရှိခဲ့စဉ်က အဆောင်ပြုပြင်စရိတ်၊ ရေ၊ မီး၊ မိလ္လာကိစ္စများကို နိုင်ငံတော်မှကျခံခဲ့ပြီး အဆောင်နေ ကျောင်းသား၊ ကျောင်းသူများ၏ အဆောင်လခမှာစားစရိတ်မျှသာဖြစ်ပါတယ်။ အဆိုပါ စားစရိတ် အပေါ်တွင်လည်း နိုင်ငံတော်မှ ဆန်၊ ဆီ၊ နို့ဆီ၊ သကြားစသော စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့်ထောက်ပံ့ပေးခဲ့ပါတယ်။ ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်မှ ပညာရေးအတွက်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဆရာ၊ ဆရာမများခန့်ထားခြင်း၊ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် သင်ကြားသင်ယူမှုပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအားကျောင်းလခ၊ မှတ်ပုံတင်ကြေးနှင့် လက်တွေ့ကြေးအဖြစ်တစ်နှစ်လျှင် သိပ္ပံဘာသာရပ်အတွက် ၇၅၀၀ ကျပ်နှင့် ဝိဇ္ဇာဘာသာရပ်အတွက် ၇၂၀၀ ကျပ်သာ နိုင်ငံတော်သို့ပေးသွင်းစေခဲ့ခြင်း

မှာနိုင်ငံတော်အနေဖြင့် ပညာရေးအတွက်များစွာ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအထက်တန်းအဆင့်ပြီးဆုံး၍ အဆင့်မြင့်ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများသည် မိမိ၏ဘဝတိုးတက်ရေးအတွက် တက္ကသိုလ်ပညာများကို လေ့လာသင်ယူရာ၌ အစိုးရဘော်ဒါဆောင်တွင်ဖြစ်စေ၊ ပြင်ပပုဂ္ဂလိကဘော်ဒါဆောင်တွင်ဖြစ်စေ ဆင်ခြင်တုံတရားဖြင့် ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ပါတယ်။ နယ်ဝေးမှ ကျောင်းသား၊ ကျောင်းသူများမှာ ပြင်ပတွင်အဆောင်ငှား၍ နေထိုင်ကြပါသည်။ တက္ကသိုလ်၊ ကောလိပ်ကျောင်းများအနီးရှိ ဘော်ဒါဆောင်ပိုင်ရှင်များကို သက်ဆိုင်ရာ ပါမောက္ခချုပ်များကခေါ်တွေ့၍ စည်းကမ်းထိန်းသိမ်းရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ သန့်ရှင်းရေးအစရှိသည်တို့ကို သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ခေါ်ယူညှိနှိုင်းပြီး အဆောင်သာယာရေးကော်မတီများ ဖွဲ့စည်းကာသက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များမှဆရာ၊ ဆရာမများက အခါအားလျော်စွာ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များတွင် ဘော်ဒါဆောင်ထားရှိမည့် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ မေးခွန်းဖြစ်ပါတယ်။ ဦးကျော်မြင့်ရဲ့မေးမြန်းချက်ကတော့ (က)နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ မံမော်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး လူထုပိုင်မူလတန်းကျောင်းအားအခြေခံပညာမူလတန်းကျောင်းသို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါသလား။ (ခ) အကယ်၍ အစီအစဉ်ရှိမည်ဆိုပါက မည်သည့်ကာလတွင် ခွင့်ပြုမိန့်ချပေးမည်ကို သိရှိလိုသည့်မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနတွင် အခြေခံပညာမူလတန်းကျောင်းအဆင့်သို့တိုးမြှင့်ဖွင့်လှစ်ရေးအတွက် မူလတန်းအဆင့်တွင်တက်ရောက်နေသော ကျောင်းသားဦးရေ၊ ပတ်ဝန်းကျင်ကျောင်းများရှိ ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအခြေအနေနှင့် ကျောင်းဥပစာရပ်များ အခြေအနေကိုစိစစ်၍ ကျောင်းအဆင့်မြှင့်တိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ ဒေသခံကျောင်းသား၊ ကျောင်းသူများ မူလတန်းအဆင့်ပညာသင်ကြားနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်းပေါင်း ၆၉ ကျောင်းအား ဖွင့်လှစ်ပေးခဲ့ရာ ပြည်နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၂၁၀ ကျောင်းထိဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခြေခံပညာမူလတန်းကျောင်းအဆင့် တိုးမြှင့်ရန်အတွက်

မံမော်ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးသာရှိ၍ ကျောင်းသားဦးရေနည်းပါးနေပါသဖြင့် အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်မရရှိသေးခြင်းဖြစ်ပါတယ်။ အဆိုပါကျောင်း၏ ကျောင်းသားဦးရေနှင့် ပတ်ဝန်းကျင်ကျောင်းများရှိ ကျောင်းသားဦးရေတိုးတက်လာမှု၊ ကျောင်းအဆောက်အဦ ကောင်းမွန်ပြည့်စုံမှုတို့အပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေဆိုခြင်းအစီအစဉ် ပြီးဆုံးပါပြီ။ အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၁း၃၅ နာရီတွင် ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၂၆ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်အလို့ငှာရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနဲ့သက်ဆိုင်သော မြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်က ဦးအောင်ကြိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းထားတဲ့ အဆိုကိုနှစ်ပိုင်းခွဲပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပထမပိုင်းကတော့ မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ မြန်မာပြည်၊ မြန်မာကို ကျောက်စာအကိုးအကားများနဲ့ဖော်ပြပြီး မြန်မာရဲ့အဓိပ္ပါယ်များ ဖော်ထုတ်ရှင်းလင်းထားသည်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း ဗဟုသုတတိုးပွားစေ၍ အလွန်ကောင်းပါတယ်။ ကျွန်တော်ကတော့ နံရံဆေးရေးမင်စာမှာရှိတဲ့မြန်မာ ဆိုတဲ့အထောက်အထား ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ကျောက်စာပေါင်း ၂၁ ချပ်အထောက် အထားကိုးကားစရာရှိသော်လည်း အချိန်ကိုငဲ့သောအားဖြင့်ဖတ်မပြတော့ပါဘူး။ မြန်မာ့အဘိဓာန် အကျဉ်းချုပ် (၃) တွင် မြန်မာနိုင်ငံတွင်နှစ်ကာလရှည်စွာ အစဉ်အဆက်ပျံ့နှံ့စွာ အတူတကွအခြေစိုက် နေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပါယ်ဖွင့်ဆိုရေး ဆိုင်ရာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)(ခ)တွင် “မြန်မာ” ဆိုသော စကားရပ်တွင် တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်၍ သုံးစွဲရာ၌ ယင်းစကားရပ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသောတိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြောင်း ပြဋ္ဌာန်းထားပါ တယ်။ သို့ဖြစ်ပါ၍ “မြန်မာ” ဆိုသော စကားရပ်တွင် တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ဒီအပြင် “မြန်မာ” ဟူသောဝေါဟာရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော် အခြေခံမူများ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ တင့်တယ်ခိုင်မာစွာ ဖော်ညွှန်းထားပြီးဖြစ် ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းအနေနဲ့ ကျွန်တော်ပြောရရင်တော့ ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်း ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးများအားလုံးနဲ့ဆိုင်တဲ့ မြင့်မြတ်တဲ့နေရာ အသုံးအနှုန်း များတွင်သာ သုံးစွဲခွင့်ပြုရေးနှင့်အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ အသုံးအနှုန်း များတွင်သုံးစွဲခွင့်မပြုစေရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအဆိုကတော့ တစ်နိုင်ငံလုံးမှာ မြန်မာ့အသံ၊ မြန်မာ့ ဘောလုံးအသင်း၊ မြန်မာ့ထမင်း၊ မြန်မာ့ဟင်း၊ မြန်မာ့ရှုခင်း၊ မြန်မာ့မီးရထား၊ မြန်မာဆန်ဆန် မြန်မာအဝတ်အစား၊ မြန်မာပညာရှိ၊ မြန်မာစာပေ၊ မြန်မာကျောက်စာ၊ မြန်မာ့သမိုင်း၊ မြန်မာရာဇဝင်၊ မြန်မာ့ကျောက်မျက် စသည်ဖြင့် မြန်မာအသုံးအနှုန်းများပြားစွာ တွေ့ရှိနေရမှာဖြစ်ပါသည်။ အကန့် အသတ်ဥပဒေများပြဋ္ဌာန်းပါက ရှိပြီးဖြစ်နေသော အချို့အသုံးအနှုန်းများကို ပယ်ဖျက်ရမည့်သဘော

ဆောင်နေပါတယ်။ ဒါကြောင့် ဒုတိယပိုင်းအဆိုသည် ကျယ်ပြန့်ပါသဖြင့် အချိန်ယူသုံးသပ်စဉ်းစားသင့်ပါကြောင်းနှင့် ဘာသာသက်ဝင်ယုံကြည်မှုကို ထိခိုက်စေခြင်း၊ အများပြည်သူကိုယ်ကျင့်တရားပျက်ပြားမှုထိခိုက်စေခြင်း၊ ယုတ်ညံ့သောသေးသိမ်စေခြင်းများမဖြစ်စေရေးအတွက် တားမြစ်ချက်များသတ်မှတ်၍လည်းကောင်း၊ ကန့်သတ်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိန်မြင့်၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗိုလ်မှူးကြီးဌေးနိုင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်သွင်းတဲ့ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံးနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန် အလို့ငှာရည်ညွှန်းဖော်ညွှန်းသည့် ရေးသားပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ လူမျိုးတစ်မျိုး၊ တိုင်းရင်းသားလူမျိုးအားလုံး သက်ဆိုင်သောမြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သော နေရာအသုံးအနှုန်းများဖြင့် သုံးစွဲခွင့်မပြုရေးဥပဒေပြဋ္ဌာန်းပေးနိုင်ရေးနဲ့ပတ်သက်လို့ ကျွန်တော်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ မြန်မာတိုင်းရင်းသားများ စုပေါင်းနေထိုင်ပြီးတော့ ကျွန်တော်တို့ဘိုးဘွား၊ ဘီဘင်လက်ထက်ကတည်းက ကိုယ့်တိုင်းပြည်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းတစ်ပါးတွေရဲ့ဖိနှိပ်မှုအောက်မှာ လူမျိုးပေါင်းစုံစုစည်းပြီးတော့ တည်ထောင်လာတဲ့မြန်မာနိုင်ငံဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ နိုင်ငံအနေအထားပြန်ကြည့်မယ်ဆိုရင် တပ်မတော်အစိုးရလက်ထက်မှာ အပြောင်းအမြင်ကြီးစွာ ဆောင်ရွက်ပေးခဲ့လို့ ကျွန်တော်တို့ ၁၉၉၃ ခုနှစ်မှာ မြန်မာရယ်လို့ ကျွန်တော်တို့နိုင်ငံတကာမှာ Union of Burma အစား Union of Myanmar ဆိုပြီးတော့ ကျွန်တော်တို့မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အဲဒီကစပြီး ကျွန်တော်တို့ ဒါနိုင်ငံကိုကမ္ဘာကနေပြီးတော့ ဒါအသိအမှတ်ပြုဆောင်ရွက်ခဲ့တာရှိပါတယ်။ ကျွန်တော် အတွေ့အကြုံတစ်ခု ပြောရမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် ၁၉၉၆ ခုနှစ်မှာ အမေရိကန်နိုင်ငံကို Business Visit အနေနဲ့ကျွန်တော်သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ သွားတဲ့အခါမှာ နိုင်ငံခြားလည်းတစ်ခါမှ မသွားဖူးဘူး။ စပြီးတော့ ကျွန်တော်

သွားတာဖြစ်တဲ့အတွက် ရန်ကုန်ကနေဘန်ကောက်၊ ဘန်ကောက်ကနေတိုကျို၊ တိုကျိုကနေ အမေရိကန်၊ ချီကာဂိုမြို့ကို ကျွန်တော်သွားခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ခုနကပြောတဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားဖို့အတွက် ဒါကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရတဲ့ အတွေ့အကြုံလေးတစ်ခုပါ။ အဲဒီတော့ ကျွန်တော်တို့ တပ်မတော်အစိုးရလက်ထက် ကျွန်တော်တို့လူကြီးများရဲ့ အမြော်အမြင်ကြီးစွာပြောင်းပေးခဲ့တဲ့ ဒါ Union of Myanmar ဆိုတာ ကျွန်တော်တို့ အဲဒီအချိန်မှာစပြီးတော့ ထိုးဖောက်ရတာဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် ဘန်ကောက်၊ ဂျပန်အထိ သိပ်အခက်အခဲမရှိဘူး။ အမေရိကန်၊ ချီကာဂိုမြို့ကိုရောက်တဲ့အခါမှာ Immigration ရှေ့မှာ ကျွန်တော့်ရဲ့ပတ်စပို့ကိုပြပြီးတော့ စစ်ဆေးတဲ့အခါမှာ သူတို့ဆီမှာ မပြောင်းလဲသေးဘဲနဲ့ Union of Burma ဆိုတာပဲရှိတဲ့အတွက် ကျွန်တော့်ကို ဗီဇာထုထား ပေမယ့်ဝင်ခွင့်မရရှိဘဲနဲ့ ကျွန်တော်ကလည်း ကိုယ်ကကပ်ပြီးမှ Immigration ကမေးတဲ့စကားကို သေချာနားမလည်၊ ကိုယ်ကလည်းပြောတဲ့အခါမှာ ရေလည်အောင်မပြောတဲ့အတွက် တော်တော်လေး ကြာကြာကြီးကို ကျွန်တော်ဖြေရှင်းခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ကUnion of Myanmar ဖြစ်သွားပါတယ်။ ဒါလေးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာနဲ့ ဒါကိုယ်တိုင်ကိုယ်ကျ ကိုယ့်နိုင်ငံအကြောင်းကိုယ်တတ်သလောက်၊ သိသလောက်ပြောပြီးတော့မှ ဒါအမေရိကန်နိုင်ငံ၊ ချီကာဂိုမြို့ထဲကို ကျွန်တော်ဝင်ခွင့်ရရှိခဲ့ပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ ရင်ထဲမှာရှိတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံ လူမျိုးသားတိုင်းဟာ ကိုယ့်ရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားဖို့အတွက် ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသား မိသားစုတွေရော၊ ပြည်ပမှာရှိတဲ့မိသားစုတွေရော ကိုယ့်ရဲ့နိုင်ငံကို ဒါအမြဲတမ်း ဇာတိဂုဏ်မြင့်မားအောင်ကျွန်တော်တို့ ဒါဆောင်ရွက်နေတာရှိပါတယ်။ ဒါကို ကျွန်တော်တို့ကကမ္ဘာကို အသိအမှတ်ပြုအောင်ရှုထောင့်မျိုးစုံက ဒီနေ့ဆိုရင်လည်း ဈေးကွက်စီးပွားရေးစနစ်အရလုပ်ငန်းမျိုးစုံ ပြည်တွင်းမှာရောပြည်ပမှာရော ကျွန်တော်တို့ရဲ့တိုင်းရင်းသားလုပ်ငန်းရှင်များဟာ မိမိတို့ရဲ့မြန်မာဆိုတဲ့ စကားရပ်ကိုအဓိကသုံးနှုန်းပြီးတော့ ကျွန်တော်တို့ နိုင်ငံတကာမှာ ထိုးဖောက်ပြီးတော့ ဈေးကွက်ယှဉ်ပြိုင်လျက်ရှိပါတယ်။ ဒီလိုအသုံးအနှုန်းမျိုးကို ခုနက ဗိုလ်ကြီးဌေးနိုင်တင်ပြသလို မြင့်မြတ်တဲ့နေရာတစ်ခုတည်းမှာသုံးပြီးတော့ အခြားကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတဲ့နေရာတွေမှာ အသုံးမပြုဘူး။ အရမ်းကန့်သတ်မယ်ဆိုရင် ဒါကျွန်တော်တို့ တိုင်းပြည်နဲ့လူမျိုးအတွက် မြန်မာဟာ ကမ္ဘာမှာသိအောင်လုပ်နေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ အမျိုးသားစီးပွား၊ အကျိုးစီးပွားလုပ်ငန်းများဟာ နှောင့်နှေးသွားမယ်လို့ ဒါကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ ဗိုလ်မှူးကြီးဌေးနိုင်တင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ခုအချိန်မှာတင်သွင်းရန်စောသေးတယ်။ ကျွန်တော်တို့ ဥပဒေပြုဖို့လိုသေး

တယ်လို့ ဒါကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတဲ့အတွက် ဒီဥပဒေကို အချိန်ယူပြီးစဉ်းစားသင့်ပါကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပိုလ်မှူးကြီးတင့်ဆန်း၊ တပ်မတော်သားကိုယ်စားလှယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်းပဲ ဖြစ်ပါတယ်။ ယမန်နေ့က တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းခဲ့တဲ့ မြန်မာဆိုတဲ့စကားရပ်ကိုတစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့်ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုး အားလုံးနှင့်သက်ဆိုင်သောမြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုနှင့်စပ်လျဉ်းပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာဆိုတဲ့စကားရပ်ကိုဦးစွာ အဓိပ္ပါယ်ဖွင့်ဆိုရရင် မြန်မာအဘိဓာန်မှာ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးကို ခြုံငုံခေါ်ဆိုထားခြင်းဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံမှာ နှစ်ရှည်လများအစဉ်အဆက်ပျံ့နှံ့စွာအတူတကွ အခြေစိုက်နေထိုင်တဲ့ တိုင်းရင်းသားလူမျိုးဆိုပြီးတော့ အဓိပ္ပါယ်ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အားလုံးဟာ မြန်မာဆိုတာကိုအသိထဲမှာရောက်ရှိနေဖို့ လိုအပ်ကြောင်းဆွေးနွေးလိုပါတယ်။ စကားလုံးတစ်လုံးခြင်းရဲ့အဓိပ္ပါယ်ကို ပြန်ကြည့်မယ်ဆိုရင်လည်း "မြန်"ဆိုတဲ့စကားလုံးဟာလျင်မြန်သော၊ သွက်လက်သောလို့ အဓိပ္ပါယ်ရပြီးတော့ "မာ"ဆိုတဲ့ စကားလုံးကတော့ခိုင်ခံ့တောင့်တင်းသိပ်သည်းသော၊ ပျော့ညံ့အလျှော့ပေးခြင်းမရှိ တင်းခံသောလို့အဓိပ္ပါယ်ရပါတယ်။ ဒါကိုလည်းကျွန်တော်တို့ အဓိပ္ပါယ်ပြန်ကြည့်ရင် ဖွဲ့ရှိတယ်ဆိုတဲ့သဘောကို သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့မြန်မာဆိုတဲ့စကားရပ်ဟာ နိုင်ငံနှင့်နိုင်ငံသားအားလုံးအတွက် အရေးကြီးဆုံးစကားရပ်ဖြစ်တယ်လို့ခံယူသွားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော်ဥပမာပေးပြီးတော့ ဆွေးနွေးရရင် ဒီလို

ကျွန်တော်တို့ တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ မြန်မာဆိုတဲ့စကားရပ်ဟာ အားလုံးနဲ့နိုင်ငံသား အားလုံး နိုင်ငံတော်နဲ့သက်ဆိုင်နေတဲ့အတွက်ကြောင့် လူမျိုးစွဲ၊ ဝါဒစွဲကင်းတဲ့ အဆိုတစ်ခုဖြစ်တယ်ဆို တာကိုလည်းဦးစွာတင်ပြလိုပါတယ်။ ဒါကလည်း ကျွန်တော်တို့ ဒီမြန်မာဆိုတဲ့ စကားလုံးရဲ့နောက်ကွယ် မှာဖော်ဆောင်စရာတွေ အများကြီးရှိပါတယ်။ မြန်မာဂုဏ်ဒြပ်ဟာ ဘယ်လောက်ထိကြီးမားတယ် မြန်မာ ဆိုတာမျိုးချစ်စိတ်နဲ့ ဘယ်လိုပတ်သက်နေတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဘယ်လိုဖော်ဆောင်ပေး နေတယ်ဆိုတဲ့ဟာကို ကျွန်တော်တို့လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဥပမာ- ကျွန်တော်တို့ကိုကြည့် မြန်မာဆိုတဲ့စကားရပ်ကို မသင့်လျော်တဲ့နေရာဖြစ်တဲ့ တစ်နေရာမှာပေါ့။ ဥပမာ- ကျွန်တော်တို့ ကမ္ဘာမှာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့မြန်မာနိုင်ငံမှာပဲဖြစ်ဖြစ် မြန်မာကာရာအိုကေတို့၊ မြန်မာအနှိပ်ခန်းတို့ ဥပမာဆိုခဲ့ရင် ကျွန်တော်တို့များ ဘယ်လိုများ ကျွန်တော်တို့တွေးတော၊ ကြံဆကြပါမလဲဆိုတဲ့အဖြေကို လည်းရှာရမှာဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ ကျွန်တော်တို့ဒီလေ့လာမိသလောက် ကြားမိသလောက်က တော့မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ကျွန်တော်တို့ ဂေါတမဖိနပ်ဆိုပြီးတော့ထုတ်တဲ့အတွက် ကြောင့်ပြင်ဆင်ပြီးတော့ နိုင်ငံတော်ကနေ ကန့်ကွက်ခဲ့တဲ့ သာဓကတွေလည်း ကြားခဲ့မိပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ ဒီကမ္ဘာ့ကြက်ခြေနီအဖွဲ့ကနေ သူ့ရဲ့တံဆိပ်ကို ကျွန်တော်တို့ ဒီမွန်မြတ်လှ တဲ့တံဆိပ်ကို ဒီကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့လုပ်ငန်းတွေ၊ အခကြေး ငွေယူပြီး လုပ်နေတဲ့ကျန်းမာရေးဌာနတွေ နောက်လူနာတင်ယာဉ်တွေမှာ သုံးစွဲတဲ့အတွက် ကန့်ကွက်တဲ့ အနေအထားတွေလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါဆိုရင်ကျွန်တော်တို့ မြန်မာဆိုတဲ့ဟာ ဘယ်လောက်ထိ မြင့်မြတ်ပြီးတော့ ဘယ်လောက်ထိဂုဏ်ဒြပ်ကြီးမားတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမြန်မာဆိုတဲ့စကားရပ်ကို ပြန်ကြည့်မယ်ဆိုရင် မြန်မာ သက္ကရာဇ် ၅၅၂ ခုနှစ်၊ အေဒီ ၁၁၉၀ မှာရေးထိုးခဲ့တဲ့ ပုဂံတောင်ဂူနီဘုရားကျောက်စာမှာ အစောဆုံး တွေ့ရှိခဲ့ရပါတယ်။ သက္ကရာဇ် ၈၄၇ ခုနှစ်၊ အေဒီ ၁၄၈၅ မှာလည်း စစ်ကိုင်းရတနာစေတီ ကျောက်စာ မှာမြန်မာပြည်ဆိုပြီးတော့ အထင်အရှားသုံးစွဲထားတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာဆိုတဲ့အမည် ဟာဗြဟ္မာကနေ ပြောင်းလဲလာတဲ့အမည်ဖြစ်တယ်လို့ ဗြဟ္မာနဲ့ မြန်မာကိုဆက်စပ်ပြီး ရှေးကဝိဂြိုလ်ပြု ခဲ့တာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ပုဂံပြည်နှင့် ခေတ်ပြိုင်ဖြစ်တဲ့ ခရစ်နှစ် ၁၀၁၃ ခုနှစ်မှာ အင်္ဂလန် ပြည်မှာ အဲဒီအချိန်က ဒိန်းလူမျိုးတွေ သိမ်းပိုက်ထားပြီးတော့ ခရစ်နှစ် ၁၀၆၆ မှာ နော်မန်လူမျိုးတွေ ကနေသိမ်းပိုက်အုပ်ချုပ်ခဲ့ပါတယ်။ ဒီအချိန်အထိကို အင်္ဂလန်နိုင်ငံမှာ အင်္ဂလိပ်လူမျိုးဆိုပြီးတော့ ခေါ်ဝေါ်သတ်မှတ်နိုင်ခြင်းမရှိခဲ့သေးပါဘူး။ ဒီကာလမှာပဲ အနော်ရထာမင်းစောဟာ မြန်မာနိုင်ငံတော်

ကိုတည်ထောင်ပြီးဖြစ်တဲ့အပြင် မြန်မာဆိုတဲ့ တိုင်းရင်းသားပေါင်းစုံတို့ကနေ တညီတညွတ်တည်းရှိပြီး တော့ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ထွန်းကားတဲ့နိုင်ငံအဖြစ်နဲ့ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာပေါ် ထွက်တည်ရှိခဲ့ပြီးဖြစ်ကြောင်းကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့သမိုင်းကို ပြန်ကြည့်မယ်ဆို ရင်မြန်မာနိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှာန်းနဲ့ အုံမခန်း ရပ်တည်လာနိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ တွေးခေါ်မြော်မြင်မှု ကြီးမားတဲ့ ရှေးမြန်မာမင်းများလက်ထက်မှာ မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံး၊ တညီတညွတ် တည်းဖြစ်အောင် ဆောင်ရွက်ခဲ့ကြတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ၁၈၈၅ မှာ မြန်မာ နိုင်ငံတော်ကြီး သူ့ကျွန်ဘဝရောက်ပြီး နယ်ချဲ့တို့ရဲ့သွေးခွဲမှုကြောင့် ပြိုကွဲပျက်စီးခဲ့ရပါတယ်။ ဒါကို လည်းထက်မြက်တဲ့ ခေါင်းဆောင်များရဲ့ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည် ရရှိပြီးတော့ ယနေ့တိုင်ကမ္ဘာ့အလယ်မှာ ညီညွတ်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ်နဲ့ ထည်ထည်ဝါဝါရပ်တည် နိုင်ခဲ့ကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အရင်တုန်းက ကျွန်တော်တို့ဟာ ဗမာဆိုတဲ့အသုံး အနှုန်းနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ဒီမြန်မာဆိုတဲ့စကားရပ်ကို ရှေးခေတ် အဆက်ဆက်ကနေ သုံးစွဲလာရာကနေ ဗမာဆိုတဲ့အသုံးအနှုန်းကို ကိုလိုနီနယ်ချဲ့လက်ထက် မှာ အသုံးပြုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်ကျူးကျော်အစိုးရက နိုင်ငံရဲ့ အမည်ကို ဗမာလို့ခေါ်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဗမာဆိုတဲ့စကားရပ်ဟာ မြန်မာကနေ အရင်းခံလာကြောင်းနှင့် ဗမာဟာ မြန်မာကို ပြောင်းလဲအသံထွက်ရာမှ ပေါ်ထွက်လာတယ်ဆိုတာကို လည်းတွေ့ရမှာဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရချိန်မှာ အင်္ဂလိပ်လိုရွေးချယ်ခဲ့တဲ့ နိုင်ငံရဲ့ အမည်ဟာ Burma ဖြစ်ပါတယ်။ ဒီအမည်ဟာလည်း ၁၉၄၈ မတိုင်ခင် ဗြိတိသျှတွေသုံးခဲ့တဲ့အမည်ပဲ ဖြစ်ပါတယ်။ ဒီအမည်ကို ပေါ်တူဂီတွေထံကနေ ဆက်လက်ပြီးတော့ မွေးစားရယူခဲ့ခြင်းဖြစ်ပါတယ်။ ပေါ်တူဂီတွေကလည်း အိန္ဒိယတို့ရဲ့ Burma ဆိုတဲ့အမည်ကနေ ဆက်လက်ပြီးတော့ မွေးစားရယူခဲ့ ခြင်းပဲဖြစ်ပါတယ်။ ဒီလိုနဲ့သာ ကျွန်တော်တို့ဗမာစကားရပ်ကို သုံးစွဲလာရာကနေ ပြီးတော့ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ နိုင်ငံတော်ရဲ့ဥပဒေအမှတ် ၁၅/၈၉ အရ စကားရပ်များပြောင်းလဲသတ်မှတ် သည့်ဥပဒေကိုထုတ်ပြန်ခဲ့ပါတယ်။ ဒီဥပဒေပုဒ်မ ၂ နဲ့ အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တဲ့တည်ဆဲဥပဒေ များပါ Union of Burma အစားကို Union of Myanmar ဆိုတဲ့စကားရပ်နဲ့ အစားထိုးခဲ့ပြီးတော့ Burma၊ , Burmese, Burman ဆိုတဲ့စကားရပ်တွေအစားကို Myanmar ဆိုတဲ့စကားရပ်နဲ့အစားထိုး

ပြဋ္ဌာန်းခဲ့ပါတယ်။ နောက်ပုဒ်မ ၃ (က) အရလည်း အင်္ဂလိပ်ဘာသာနဲ့ လက်ရှိရေးသားသုံးစွဲနေတဲ့ ပြည်နယ်/တိုင်း၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာတစ်ခုခုရဲ့အမည်တွေ မြစ်ချောင်း၊ တော၊ တောင်၊ ကျွန်းစသည့်အခေါ်အဝေါ်တွေနဲ့ ပတ်သက်လို့လည်း မြန်မာအသံထွက်နဲ့ ကိုက်ညီအောင်အင်္ဂလိပ်ဘာသာနဲ့ ပြင်ဆင်ရေးသားရန်လိုအပ်လို့ရှိရင် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးတော့ ပြင်ဆင်သတ်မှတ်နိုင်ကြောင်းကိုလည်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာဆိုတဲ့စကားရပ်ဟာ နိုင်ငံတော်က အထူးအလေးအနက်ထားပြီး သုံးနှုန်းခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စာရေးဆရာ တက္ကသိုလ်တင်ခရဲ့ ဆောင်းပါးတွေမှာလည်း ပြည်ထောင်စုနဲ့ မြန်မာ့သမိုင်းအစဉ်အလာ မြန်မာ၊ မြန်မာဟူသော ဝေါဟာရ၊ အနော်ရထာရဲ့ စည်းလုံးသော မြန်မာ၊ သစ္စာရှိသော မြန်မာစသည်ဖြင့် ဒီဆောင်းပါးတွေနဲ့ မြန်မာရဲ့ဂုဏ်ဒြပ်ကို မြှင့်တင်ပေးထားတာကိုလည်း လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကလည်း မြန်မာရဲ့ ဂုဏ်ဒြပ်ကို မညှိုးနွမ်းအောင် ထိန်းသိမ်းဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။ အကယ်၍ မြန်မာဆိုတဲ့စကားရပ်ကို ဂုဏ်သိက္ခာညှိုးနွမ်းစေမယ့် နေရာတွေမှာသုံးစွဲခဲ့ရင် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအားလုံးနှင့် နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကျဆင်းစေနိုင်ကြောင်းကိုလည်း သတိပြုဖို့ လိုအပ်ကြောင်းဆွေးနွေးတင်ပြလိုပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့တစ်ခု ကျွန်တော်ဆွေးနွေးတင်ပြရရင် ကျွန်တော်တို့၁၉၈၁ ခုနှစ်(၈-၇-၁၉၈၁)ရက်နေ့ နိုင်ငံတော်ကောင်စီက ကျင်းပပြုလုပ်တဲ့ စာပေဆိုင်ရာ ဆွေးနွေးပွဲမှာ မြွက်ကြားခဲ့တဲ့ သမ္မတကြီး ဦးနေဝင်းရဲ့မိန့်ခွန်းကို ကောက်နှုတ်ပြီး တင်ပြရရင် ဟိုရှေးပျူခေတ်က ပျူစကားလည်းပျောက်၊ ပျူစာလည်းပျောက်၊ ပျူမျိုးလည်းပျောက် ကျွန်တော်တို့ မြန်မာလူမျိုးဟာလည်းပဲ ကျွန်တော် မြန်မာဆိုတဲ့ စကားကိုသုံးတယ်။ ဗမာလို့ ကျွန်တော် မသုံးဘူးဆိုပြီးတော့ မြန်မာကိုအလေးအနက်ထား ပြောကြားခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ ဒီအားကစားတွေနဲ့ပတ်သက်၍သော်လည်းကောင်း၊ တခြားနိုင်ငံတော် အခမ်းအနားတွေနဲ့ပတ်သက်၍သော်လည်းကောင်း၊ ကျွန်တော်တို့ဟာ တိုင်းတစ်ပါးနဲ့ ယှဉ်ပြိုင်ရတဲ့ အချိန်မှာ မြန်မာဆိုတဲ့စိတ်ဓာတ်ကို ကိန်းအောင်းနေတာ ကျွန်တော်တို့ရဲ့ ပင်ကိုယ်ဇာတိပဲ ဖြစ်ပါတယ်။ ဥပမာ- ကျွန်တော်တို့ လက်ဝှေ့ပွဲတွေကြည့်တဲ့အခါမှာ မြန်မာက တာဒိုးဝါးတို့၊ လုံးချောတို့ လက်ဝှေ့သမားတွေနဲ့ အမေရိကန်က လက်ဝှေ့သမား၊ ဂျပန်လက်ဝှေ့သမားတွေ ထိုးသတ်တဲ့ပွဲတွေ ကျွန်တော်တို့အမြဲကြည့်ပါတယ်။ ဒီအချိန်မှာ ကြည့်နေရင်းနဲ့ မျိုးချစ်စိတ်ဟာ ပိုပြီးတော့ရှင်သန်ထက်မြက်ခဲ့ရပါတယ်။ မျိုးချစ်စိတ်ဓာတ်ဆိုတာကလည်း လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့အရာမဟုတ်ပါဘူး။ ဒီလို

ဥပဒေတွေပြဋ္ဌာန်းပြီးတော့ အမြဲမပြတ်လှုံ့ဆော်နေတဲ့အချိန်မှသာ တိုင်းရင်းသားအားလုံးက စိတ်ထဲမှာ ထာဝရကိန်းအောင်းနေမယ်ဆိုတာကို အလေးအနက်ရှင်းလင်း ပြောကြားလိုပါတယ်။ သို့ပါသော ကြောင့်မြန်မာဆိုတဲ့စကားရပ်ဟာ နိုင်ငံတော်ရဲ့ဂုဏ်ဒြပ်ကို ဖော်ဆောင်ပေးထားခြင်း၊ နိုင်ငံအတွင်း မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ကိုယ်စားပြုထားခြင်း တစ်မျိုးသားလုံးရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေခြင်း၊ ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေခြင်း၊ မျိုးချစ်စိတ်ဓာတ်ကိုဖြစ်ပေါ် စေခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပေးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖြစ်ပေါ် စေခြင်းစတဲ့ အချက်များကိုဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီနေရာမှာလည်း အလျဉ်းသင့်လို့ ဆွေးနွေးရရင် နိုင်ငံတော်အကြီးအကဲမှ ပြောဆိုမိန့်ကြားချက်အရ လက်ပစ်ဗုံးခါးမှာချိတ်ထားလည်း စိတ်ဓာတ် မကောင်းရင်ရှုံးနိမ့်မှာပဲဆိုပြီး မကြာခဏပြောတာကိုကြားမိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာဆိုတဲ့ စကားရပ်နောက်ကွယ်မှာ ကျွန်တော်တင်ပြခဲ့တဲ့အချက်တွေ အများကြီးအထောက်အပံ့ဖြစ်စေတယ်။ ဂုဏ်ဒြပ်ကို ဖြစ်ပေါ်စေတဲ့အတွက်ကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းခဲ့တဲ့ မြန်မာဆိုတဲ့စကားရပ်ကို အခြားမသင့်တော်တဲ့နေရာအသုံးအနှုန်း များမှာသုံးစွဲခွင့်မပြုစေရေး၊ ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုနဲ့ ပတ်သက်ပြီး လေးလေးနက်နက် ထောက်ခံတင်ပြအပ် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းစောတင်၊ မိုင်းယောင်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစောတင်(မိုင်းယောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင်ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် အဆိုတင်သွင်းသွားတဲ့ မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေ ခြင်းဆိုင်ရာကိစ္စရပ်များနှင့် မြင့်မြတ်သည့်နိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများအားလုံးနှင့်သက်ဆိုင် သောနေရာအသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့် လျော်သောနေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုကို ဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂မှာ နိုင်ငံတော်ကို ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည်ဟုပြဋ္ဌာန်းပြီး၊ ပုဒ်မ ၃ မှာ နိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်ဟုပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုတဲ့ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်းပြီး ကိုလိုနီခေတ်ရဲ့ ကိုလိုနီနယ်ချဲ့လက်အောက်ကနေ လွတ်လပ်ရေးရအောင်တိုက်ယူခဲ့တဲ့ သမိုင်းအစဉ် အလာကြီးမားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ထွန်းပြောင်တဲ့ တစ်စည်းတစ်လုံးတည်းသော လူမျိုးအဖြစ် မြန်မာဆိုတဲ့အမည်နဲ့ ကမ္ဘာ့အလယ်မှာ ကြွားကြွားဝင့်ဝင့်ရပ်တည်နေတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံအသင်းဝင်အဖြစ် အသိအမှတ်ပြုပြီး ကမ္ဘာ့ကုလသမဂ္ဂ UN အပါအဝင် ကမ္ဘာ့အဖွဲ့အစည်းတွေက အသိအမှတ်ပြုထားကြတဲ့အပြင် ၂၀၁၄ ခုနှစ်မှာ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရန် တရားဝင်အဆိုပြု ကမ်းလှမ်းခံထားရတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွတ်လပ်တဲ့၊ တက်ကြွတဲ့ နိုင်ငံခြားရေးဝါဒနှင့်အညီ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၂ နိုင်ငံနဲ့လည်း သံတမန်အဆက်အသွယ်ထူထောင်ထားရှိပြီးဖြစ်ပါ တယ်။ ဒါ့အပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်တဲ့ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၊ အာရှဥပရောပ ဆွေနွေးပွဲ ASEM၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ACT၊ မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက် မှုအပြည်ပြည်ဆိုင်ရာ ရေကြောင်းတိုင်းတာရေးအဖွဲ့ IHO၊ အာရှ-အာဖရိက-ဥရောပအတိုင်ပင်ခံ AALCO၊ မဲခေါင်မြစ်ဝှမ်းကော်မရှင် MRC၊ မဟာမဲခေါင်ဒေသခွဲ GMS၊ ဘင်္ဂလားပင်လယ်အော် ကဏ္ဍပေါင်းစုံနည်းပညာနဲ့ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် ဘင်းစတက်စ်စတဲ့ အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါတယ်။ ဒေသအတွင်း နိုင်ငံတကာသဘောတူစာချုပ်ပေါင်း ၇၀ ကျော်ကိုလည်းချုပ်ဆိုနိုင် ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေ စုစည်းထားတဲ့ မြန်မာလူမျိုးဟာ အမျိုးဘာသာ၊ သာသနာကိုစောင့်ထိန်းပြီး တိုင်းပြည်နဲ့လူမျိုးကိုချစ်မြတ်နိုးတဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်ပြင်းထန်ကြသူများဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးဟာမည်သူ့ကိုမျှ မကျူးကျော် မစော်ကားပါဘူး။ တိုင်းတစ်ပါးက ကျူးကျော်လာရင်လည်း စိုးစဉ်းမျှခေါင်းငုံ့မခံသည်းခံမှာမဟုတ်တဲ့ ရဲရဲတောက်မြန်မာပဲဖြစ်ပါတယ်။ မြန်မာဆိုတာ ကိုယ်ပိုင်မြန်မာ့ရိုးရာယဉ်ကျေးမှု ကိုယ်ပိုင်မြန်မာ

စာပေ၊ ကိုယ်ပိုင်မြန်မာစကားတွေနဲ့ မည်သည့်ကိုမျှအတုယူထားခြင်းမရှိဘဲ ကမ္ဘာ့အလယ်မှာဝင့်ဝင့် ထည်ထည် သီးခြားရပ်တည်နေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထွန်းပြောင်တဲ့ မြန်မာများပဲဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းမှာ ဤငါတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ကြေညာချက်သည် ကမ္ဘာတစ်ဝန်းလုံး တစ်ဦးတစ်ယောက်မကျန် ကြားသိစေသတည်းဆိုတဲ့ ဖော်ပြချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု အလေးအနက်ဂုဏ်ယူ ဖော်ပြထားတာကိုတွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဲဒီလို သမိုင်းအစဉ်အလာကြီးမားထွန်းပြောင်တဲ့ မြန်မာဆိုတဲ့ဂုဏ်ထူးဆောင်စကားရပ်ဟာ နိုင်ငံတော်ကိုကိုယ်စားပြုတဲ့ စကားရပ်ဖြစ်တဲ့အပြင် နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုတဲ့ စကားရပ်လည်းဖြစ်ပါတယ်။ အဲဒီလို အလေးအနက် အထွဋ်အမြတ်သုံးစွဲရမယ့် မြန်မာဆိုတဲ့စကားရပ်အား အချို့သောအကြောင်းအရာများနဲ့ အဓိပ္ပာယ် သေးသိမ်၊ မှေးမှိန်စေတဲ့နေရာများမှာ သုံးစွဲနေတာကို တွေ့ရှိရပါတယ်။ ဥပမာ အရက်ကြော်ငြာ၊ ဆေးလိပ်ကြော်ငြာ၊ ဖယောင်းတိုင်ကြော်ငြာ၊ ဆပ်ပြာကြော်ငြာစတဲ့ အလားတူကိစ္စများဖြစ်ပါတယ်။ အဲဒီကိစ္စများတွေဟာ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ အမျိုးသားအကျိုးစီးပွားကို ကိုယ်စားမပြုဘဲ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ဆောင်ရွက်မှုများသာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာဆိုတဲ့စကားရပ် အားတစ်မျိုးသားလုံးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းရေးသား ပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များနှင့် မြင့်မြတ်တဲ့နိုင်ငံနဲ့ တိုင်းရင်းသားလူမျိုးများအားလုံးနဲ့ သက်ဆိုင်တဲ့ နေရာအသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေး၊ အခြားမသင့်လျော်သောအဓိပ္ပာယ် သေးသိမ်မှေးမှိန်စေသော နေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ပါ ရန်အဆိုကိုထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်း ဆက်ရင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ အသိအမှတ်ပြုတာလည်းခံရဖူး၊ စာမကျေလို့ ဥက္ကဋ္ဌကြီးရဲ့ ပြစ်တင် ကြိမ်းမောင်းတာလည်းခံရဖူးတဲ့ သီပေါမဲဆန္ဒနယ်က ဦးရဲထွန်း(ခ)ဦးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ကမနေ့က တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းသွားခဲ့တဲ့အဆိုကို

ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရဲ့ မူလရည်ရွယ်ချက်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်သော်လည်းပဲ ကျွန်တော့်အနေနဲ့ မရှင်းမလင်းဖြစ်နေတဲ့အချက်ကလေးကို တင်ပြရင်း ယခုကိစ္စကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှုထောင့်မှ ဖော်ထုတ်ဆွေးနွေးသွားလိုပါတယ်။ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ အစိုးရသစ်တက်လာပြီးတဲ့နောက် နိုင်ငံတော်သမ္မတကြီးက ၃၀-၃-၂၀၁၁ ရက်နေ့က ပြောခဲ့တဲ့မိန့်ခွန်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အခြေခံဖြစ်တဲ့စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားအောင်လည်း ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းပြောကြားသွားပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတဲ့ အခေါ်အဝေါ်မှာ အဓိကပါဝင်နေတဲ့ မြန်မာဆိုတဲ့စကားရပ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ တစ်လျှောက်လုံး နားလည်ထားခဲ့တာက ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့အပြင် ကိုးကန့်၊ ဝ၊ ပအိုဝ်၊ ပလောင်၊ ဓနု၊ နာဂစတဲ့ တိုင်းရင်းသား လူမျိုးပေါင်း တစ်ရာကျော်ကို ကိုယ်စားပြုတယ်ဆိုတဲ့အချက်ပါပဲ။ မြန်မာဆိုတဲ့စကားရပ်ဟာ တိုင်းရင်းသားအားလုံးက ဘုံပိုင်ဆိုင်တဲ့စကားရပ်လို့ ကျွန်တော့်အနေနဲ့ တစ်လျှောက်လုံး မှတ်ယူထားခဲ့ပါတယ်။ ဥပမာအားဖြင့် လျှောက်လွှာပုံစံတွေဖြည့်စွက်ရာမှာ လူမျိုးလို့ဖြည့်စွက်ရမည့်နေရာမှာ ကျွန်တော့်အနေနဲ့ ဗမာလို့ဖြည့်စွက်ပြီး နိုင်ငံသားလို့ ဖြည့်စွက်ရမယ့်နေရာမှာ မြန်မာနိုင်ငံသားလို့ ဖြည့်စွက်မှုပြုလေ့ရှိပါတယ်။ ကျွန်တော်တို့ တိုင်းပြည်လိုပဲ ကမ္ဘာပေါ်မှာရှိတဲ့ တိုင်းပြည်တော်တော်များများမှာ လူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြလို့ သူတို့နေထိုင်ရာ တိုင်းပြည်ကိုအများက ဘုံပိုင်ဆိုင်တဲ့အမည်တစ်ခုခုကိုပေးလေ့ရှိကြပါတယ်။ ဥပမာ-အမေရိကန်ပြည်ထောင်စု သူတို့နိုင်ငံမှာ နေထိုင်ကြတဲ့ လူမျိုးတွေကျတော့ ဂျာမန်လည်းဖြစ်နိုင်တယ်။ အင်္ဂလိပ်လည်းဖြစ်နိုင်တယ်။ ပိုလန်လည်းဖြစ်နိုင်တယ်။ ကိုရီးယားလည်း ဖြစ်နိုင်သလို၊ ဂျပန်လည်းဖြစ်နိုင်ပါတယ်။ တိုင်းပြည်နာမည်ကိုတော့ အင်္ဂလိပ်လို အခေါ်အဝေါ်အားဖြင့် United States of America ပေါ့။ အားလုံးက ဘုံပိုင်ဆိုင်တဲ့နာမည်တစ်ခုပါ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံကို အင်္ဂလိပ်လိုအခေါ်အဝေါ်အားဖြင့်လည်း လိုက်လျောညီထွေမှုရှိအောင်ဆိုပြီး ယခင်အစိုးရက ကမ္ဘာ့ကုလသမဂ္ဂဟာ မြန်မာ Union of Myanmar လို့နာမည်ပြောင်းခဲ့ပေမယ့် တချို့နိုင်ငံရေးခေါင်းဆောင်များက Burma လို့သာဆက်လက်ခေါ်ဝေါ်သုံးစွဲနေတာကိုကြားသိနေရပါတယ်။ Burma ဆိုတာဟာ ဗမာလူမျိုးတစ်မျိုးကိုသာ ကိုယ်စားပြုတာဖြစ်တယ်လို့ နားလည်ထားတဲ့ ကျွန်တော့်အနေနဲ့ မြန်မာ Union of Myanmar ယခုအခေါ်အဝေါ်အားဖြင့် Republic of the Union of Myanmar ဆိုတဲ့နာမည်ဟာ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ ဂုဏ်နဲ့ဒြပ်နဲ့ကိုက်ညီတဲ့ နာမည်ဖြစ်တယ်လို့ အသိအမှတ်ပြုခံယူထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ကို မေးမြန်းတဲ့

အင်တာဗျူးတစ်ခုမှာ တိုင်းရင်းသားအားလုံးကိုကိုယ်စားပြုတဲ့ ကမ္ဘာ့ကုလသမဂ္ဂကြီးကလည်းလက်ခံထားတဲ့မြန်မာဆိုတဲ့ အသုံးအနှုန်းကို ဘာလို့မသုံးသလဲ၊ အဓိပ္ပာယ်နဲ့ နာမည်နဲ့လိုက်လျောညီထွေမှုရှိရင်ဘယ်သူကပေးတဲ့နာမည်ပဲဖြစ်ပါစေ လက်ခံသင့်တယ်မဟုတ်လားလို့မေးတော့ အဲဒီခေါင်းဆောင်ကပြန်ဖြေတာက မြန်မာဆိုတာလည်း လူမျိုးတစ်မျိုးကိုသာ ကိုယ်စားပြုတာပါဆိုပြီး မြန်မာဆိုတဲ့စကားရပ်နဲ့ ဗမာဆိုတဲ့စကားရပ် အဓိပ္ပာယ်တူပုံကို သမိုင်းအထောက်အထားတချို့နဲ့ ပြန်ဖြေသွားတာကိုကြားလိုက်ရပါတယ်။

အဲဒီတော့ သမိုင်းပညာရှင်လည်းမဟုတ် မြန်မာ့သမိုင်းကိုလည်း နှံ့နှံ့စပ်စပ်လေ့လာဖူးသူမဟုတ်တဲ့ ကျွန်တော့်အနေနဲ့ ဒီစကားကြောင့် ဇဝေဇဝါဖြစ်ခဲ့ရပါတယ်။ သူပြောတာလည်း အမှန်ဖြစ်နိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ မည်သူ့ကိုမှ အပြစ်တင်ပြောကြားလိုခြင်း မဟုတ်ကြောင်းအလေးအနက်ပြောကြားလိုပါတယ်။ အရှိကိုအရှိအတိုင်း တင်ပြတာဖြစ်ပါတယ်။ နဂိုကရှင်းနေပြီးသားလို့ကိုယ့်ကိုယ်ကိုယ် ထင်ထားတဲ့အချက်တစ်ချက်ကို မရှင်းမလင်းဖြစ်သွားတဲ့ အကြောင်းကိုသာပြောကြားလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြဆွေးနွေးလိုတဲ့ အဓိကအချက်ကတော့ မြန်မာဆိုတဲ့စကားရပ်နဲ့ ဗမာဆိုတဲ့စကားရပ်နှစ်ခုရဲ့ ဆိုလိုရင်းအဓိပ္ပာယ်များကို သမိုင်းအထောက်အထားခိုင်ခိုင်လုံလုံနဲ့ ကွဲကွဲပြားပြားဖြစ်အောင် သတ်မှတ်ပေးပြီးတော့ မြန်မာဆိုတဲ့ စကားရပ်ကိုပိုလ်မှူးကြီးဒွေးနိုင်ရဲ့ အဆိုပြုချက်မှာပါတဲ့အတိုင်း တိုင်းရင်းသားအားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စများမှာသာသုံးစွဲခွင့်ပြုရေးဆိုတာကို အလေးအနက်ထောက်ခံလိုပါတယ်။ ဥပမာအားဖြင့် မြန်မာဆိုတာကိုနိုင်ငံ၊ နိုင်ငံသားစတဲ့စကားလုံးတွေနဲ့သာတွဲသုံးစေပြီး၊ လူမျိုးနဲ့တွဲမသုံးစေတာမျိုး လူမျိုးကိုရေးသားမယ်ဆိုရင် ဗမာ၊ ကရင်၊ ကယား၊ ရှမ်း စသည်ဖြင့်သာသုံးစေပြီး နိုင်ငံသားအင်္ဂလိပ်လိုအားဖြင့် Citizen ကိုတော့ မြန်မာလို့ဖော်ပြစေတာမျိုး၊ အင်္ဂလိပ်လို Myanmar Citizen လို့ဖော်ပြစေတာမျိုးဖြစ်စေချင်ပါတယ်။ နောက် ဥပမာတစ်ခုအနေနဲ့ဖော်ပြရရင် မြန်မာ့စောင်းလို့ရေးမယ့်အစား ဗမာ့စောင်း၊ မြန်မာ့အကလို့သုံးစွဲမယ့်အစား ဗမာ့အကဆိုတာမျိုးပေါ့။ ဘာကြောင့်ဒီလို အကြံပြုရတာလဲဆိုရင် တိုင်းရင်းသားအသီးသီးမှာလည်း သူတို့ကိုယ်ပိုင်ဂီတတွေ၊ အကတွေ၊ ယဉ်ကျေးမှုတွေရှိပါတယ်။ ကျွန်တော်တို့ တစ်မျိုးသားလုံးကိုကိုယ်စားပြုနိုင်တဲ့ စာပေယဉ်ကျေးမှုများကိုတော့ ရှေးကမြန်မာတပ်ပြီးသုံးစွဲခွင့်ပြုသင့်ပါတယ်။ ဥပမာ-တရားဝင်ရုံးသုံးစာဖြစ်တဲ့စာကို မြန်မာစာ၊ မြန်မာစကားစသည်ဖြင့်ပေါ့။ ဒါမှသာလျှင် မြန်မာဆိုတဲ့စကားရပ်ဟာ တိုင်းရင်းသားအားလုံးက ဘုံပိုင်ဆိုင်တဲ့စကားရပ်ဖြစ်တယ်ဆိုတာ ပိုမိုလေးနက်သဘောပေါက်လာစေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မြန်မာဆိုတဲ့စကားရပ်ရဲ့ အဓိပ္ပာယ်ပိုမိုထင်ရှားမြင့်မားစေမယ့် ဗိုလ်မှူးကြီးဒွေးနိုင်ရဲ့အဆိုအတိုင်း

မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံး အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာအသုံးအနှုန်းများတွင်သုံးစွဲခွင့်မပြုစေရေးဥပဒေပြဋ္ဌာန်းပေးနိုင်ရေးကိုအလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားပါသောဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်း၊ ရွှေတောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမအေးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့ဆွေးနွေးချက်ကိုဖတ်ကြားတင်ပြခွင့်ပြုပါ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်၏ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစု၊ ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်သော မြင့်မြတ်သည့်နေရာအသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သော နေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုကို ကျွန်မဆွေးနွေးမှာဖြစ်ပါတယ်။ ဒီအဆိုဟာမူလအဆိုမှာပင်ထောက်ခံဖွယ်ရာအချက်အလက်များ ရှင်းလင်းပြည့်စုံပြီးသားဖြစ်ပါတယ်။ အဆိုမှာသုံးစွဲခွင့်ပြုရေးနှင့် သုံးစွဲခွင့်မပြုစေရေးလို့ အရေးနှစ်ပါးပါတာကိုတွေ့ပါတယ်။ ဒီနေရာမှာ မြန်မာဆိုတဲ့ သမိုင်းစကားလုံးအကြောင်းနဲ့ မြန်မာလူမျိုးရဲ့ရုပ်ပိုင်းဆိုင်ရာ ဥပဓိပုံရိပ်၊ စိတ်ပိုင်းဆိုင်ရာဇာတိမာန်ဆိုတဲ့ ဝိသေသလက္ခဏာများကို ဂုဏ်ယူစွာပြောပြချင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရှေးမြန်မာမင်းများ လက်ထက်ကအမြဲတန်းအမျိုးသားတပ်မတော်ဆိုတာမရှိပါဘူး။ စစ်ရေးမက်ရေးပေါ်လာတဲ့အခါမှ ရဲ၊ ရောင်၊ မြန်၊ မာ သူများကိုပို့စေလို့ ရာပြုမြို့၊ ထောင်ပြုမြို့တွေဆီကို တောင်းတာပါ။ ရဲ၊ ရောင်၊ မြန်၊ မာ ဆိုတာ ရဲစွမ်းသတ္တိအရည်အသွေးနှင့်ပြည့်စုံသော၊ မာကြောကြံ့ခိုင်၊ မြန်ဆန်သန်စွမ်းသူများလို့ဆိုလိုတာပါ။ “ရ” ရောင်ဆိုတာဟာ အရည်အချင်း၊ အရည်အသွေးကိုပြောတာပါ။ ဒီနေရာမှာ ရဲ၊ ရောင်၊ မြန်၊ မာ သူများလို့ဆိုလိုက်တာဟာ တိုင်းရင်းသားလူမျိုးအားလုံး အရွယ်ကောင်းသန်စွမ်းတဲ့ ယောကျ်ားအားလုံးကိုဆိုလိုတာဖြစ်ပါတယ်။ ဒီ ရဲ၊ ရောင်၊ မြန်၊ မာ စကားသုံးကို ရှေးဟောင်းမှန်နန်းရာဇဝင်ကျမ်း၊ သုတေသိတရာဇဝင်ကျမ်းတွေမှာ သုံးနှုန်းထားတာတွေ့နိုင်ပါတယ်။ မြန်မာအစစ်ဖြစ်တဲ့ ဆရာကြီးသခင်

ကိုယ်တော်မှိုင်းကို လူထုဒေါ်အမာက မြန်မာလူမျိုးဆိုတာ ဘယ်လိုလူမျိုးလဲလို့မသိတဲ့ နိုင်ငံခြားသား တစ်ယောက်ကို ဒါမြန်မာပဲလို့ လက်ညှိုးထိုးပြရတာ မြန်မာတွေ မျက်နှာမငယ်စေတဲ့လူမျိုးဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပဲလို့ရေးခဲ့ပါတယ်။ မြန်မာလူမျိုးရဲ့ ရုပ်ပိုင်းဆိုင်ရာ ဥပမိပုံရိပ်ပါပဲ။ တစ်ခါက တကယ့်အဖြစ်ကိုဝတ္ထုဖွဲ့ထားတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ကို ကျွန်မဖတ်ရပါတယ်။ ဝါရင့်၊ ပညာရင့်ပန်းချီဆရာတစ်ယောက်ဟာ မိသားစုအတွင်း ကျန်းမာရေးအကြပ်အတည်းကြောင့် သူတန်ဖိုးထားရတဲ့ပန်းချီကားကို အရောင်းပြခန်းမှာတင်ရပါတယ်။ အရှေ့တောင်အာရှသားချင်းဖြစ်တဲ့ နိုင်ငံခြားသား တစ်ယောက်က ဒီပန်းချီကားကို သဘောကျလို့ သူ့ကိုယ်ရေးဝန်ထမ်းကိုဝယ်ခိုင်းပါတယ်။ ငွေအရေး တကြီးလိုနေတဲ့ မြန်မာပန်းချီဆရာအလွန်ဝမ်းသာသွားပါတယ်။ ဒါပေမယ့် ဝယ်မယ့်နိုင်ငံခြားသားက သူ့နောက်ကသူ့ကိုယ်ရေးဝန်ထမ်းကို ဒီပန်းချီကားပဲလို့ ပြလိုက်တဲ့ခဏမှာတော့ အဲဒီပန်းချီဆရာက မရောင်းတော့ဘူးလို့ ယတိပြတ်ငြင်းလိုက်ပါတယ်။ ငြင်းရတဲ့အကြောင်းရင်းက ငွေရှင်နိုင်ငံခြားသား ညွှန်ပြတာက ဖိနပ်စီးထားတဲ့သူ့ခြေထောက်နဲ့ဖြစ်ပြီး ညွှန်ပြခြင်းခံရတာက ပုဂံဓမ္မရံကြီးဘုရားပုံတူ ပန်းချီကားဖြစ်နေလို့ပါပဲ။ ဒီဝတ္ထုကိုဖတ်လိုက်ရတဲ့ ကျွန်မတောင်ရင်ထဲကျင်ကနဲနာသွားပါတယ်။ ပန်းချီဆရာခံစားချက်ကိုတော့ ချင့်သာကြည့်ကြပါတော့ ဒါဟာ စိတ်ပိုင်းဆိုင်ရာ မြန်မာ့ဇာတိမာန်ပါပဲ။ ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုဝိသေသထူးတဲ့ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန် ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစု၊ ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံနှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာအသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးဆိုတာ မျိုးချစ်စိတ်၊ မျိုးစောင့်တရားလည်းဖြစ်တဲ့အတွက် လိုလားနှစ်သက်လေးနက်စွာ ထောက်ခံအပ်ပါတယ်ရှင်။ နောက်အရေးတစ်ပါးဖြစ်တဲ့ အမှတ်တံဆိပ်အပါအဝင်အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေးဆိုတာမှာတော့ မသင့်လျော်သောနေရာဆိုတာ ကိုဘယ်လိုသတ်မှတ်မလဲ ဒီအချက်ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် အဲဒီမသင့်လျော်သောနေရာဆိုတာကိုတော့ သတိကြီးကြီးထားပြီး ချင့်ချိန်ဖို့လိုပါလိမ့်မယ်လို့ အပြုသဘောနဲ့အကြံပေးရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး( ဖောင်းပြင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးဖြစ်

ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းခဲ့တဲ့ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေရန် အလို့ငှာရည်ရွယ်ဖော်ညွှန်းထားသည့် ရေးသားပြုစု၊ ပုံနှိပ်ထုတ်ဝေခြင်း ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်သည့် မြင့်မြတ်သည့် အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြု ရေးနှင့်အမှတ်တံဆိပ်အပါအဝင် တခြားမသင့်တော်သောနေရာများ၊ နေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုရေး၊ ဥပဒေပြဋ္ဌာန်းပေးရေး အဆိုနဲ့စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာဆိုတဲ့ဝေါဟာရဟာ အမည်သညာသက်သက် အတွက်မှည့်ခေါ်ထားခြင်းမဟုတ်ဘဲ နက်နဲလေးနက်တဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပြဆိုထားတယ်ဆို တာအားလုံးသိရှိပြီးသားဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနမှ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လမှာ ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်တဲ့ မြန်မာအဘိဓာန်စာအုပ်၊ စာမျက်နှာ ၂၆၆၊ ၂၉၂ တို့မှာမြန်ဆိုတာနာမဝိသေသန၊ ရွေ့ရှားမှု၊ ဆောင်ရွက်မှု၊ သွက်လက်သော၊ မာဆိုတာလည်း နာမဝိသေ သန၊ ခိုင်ခံ့တောင့်တင်းသိပ်သည်းသော၊ ပျော့ပြောင်းခြင်းကင်းသော၊ အနာရောဂါကင်းသော၊ ကျန်းမာ သောမြန်မာဆိုတာ မြန်မာနိုင်ငံတွင် အစဉ်အဆက်နေထိုင်ခဲ့ကြသော တိုင်းရင်းသားများကိုခြုံ၍ခေါ် သောအမည်လို့တွေ့ရှိခဲ့ရဘူးပါတယ်။ မန္တလေးရတနာပုံ ခေတ်နှောင်းကာလမှာ ထုတ်ဝေခဲ့တဲ့ ဦးမောင်မောင် တင်ပြုစုခဲ့တဲ့ မှန်နန်းသုံးဝေါဟာရအဘိဓာန်မှာ မြန်သည်၊ မာသည်ဟူသောအကြောင်း ကိုစွဲ၍မြန်မာခေါ်၏လို့ ရတနာပူရ၊ အင်းဝပြည်ကြီးရှင် ဟံသာဝတီမင်းတရားကြီး လက်ထက် ထိုမင်းတရားကြီးကိုးကွယ်ခဲ့တဲ့ ဒုတိယကျော်အောင်စံထားဆရာတော်ပြုစုတော်မူသည့် ဝေါဟာရတ္ထ ပကာသနီကျမ်းမှာလာသည်ဟု ဖော်ပြထားကြောင်း မှတ်သားခဲ့ရဖူးပါသည်။ ဒါကိုကြည့်ရင်မြန်မာ ဆိုတာဟာ မည်ကာမတ္တမဟုတ်ဘဲ အဓိပ္ပာယ်ရှိရှိ လေးလေးနက်နက် ရည်ရွယ်ချက်ထားပြီး ခေါ်ဝေါ် သုံးစွဲခဲ့တယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ ပြီးတော့ ဒီမြန်မာဆိုတဲ့ ဝေါဟာရအသုံးအနှုန်းဟာ အခု နောက်ပိုင်းမှာ သတ်မှတ်တီထွင်ထားတဲ့ ရွှေကြာပင်ဝေါဟာရမဟုတ်ပါဘူး။ ရှေးအတီတေနှစ်ပေါင်း များစွာကြာမြင့်ပြီဖြစ်တဲ့ မြန်မာဘုရင်များလက်ထက်ကတည်းက သတ်မှတ်ခေါ်တွင်ခဲ့ကြောင်း ထင်ရှား တဲ့သာဓကများစွာရှိခဲ့ပါတယ်။ အေဒီ ၁၁၀၁ ခု၊ ၁၁၀၂ ခုတွင် ကျန်စစ်သားမင်းကြီးရဲ့ နန်းတော်သစ် တည်ဆောက်ခြင်းနဲ့ပတ်သက်ပြီး ရေးထိုးခဲ့တဲ့ မွန်ကျောက်စာမှာ မိမောလို့ ရေးထိုးထားတာကိုတွေ့ရှိခဲ့ ရပါတယ်။ ဒါ့အပြင် မြန်မာသက္ကရာဇ် ၅၅၂ ခု၊ အေဒီ ၁၁၉၀ ပြည့်နှစ်ဝန်းကျင်မှာ ပုဂံအမတ်ကြီးတစ်ဦး ဖြစ်တဲ့သယ်သူရေးထိုးခဲ့တဲ့ တောင်ဂူနီဘုရားအတွင်းကကျောက်စာမှာလည်း မြန်မာဟူသောဝေါဟာရ ကိုသုံးစွဲရေးထိုးထားတာ အထင်အရှားတွေ့မြင်နိုင်ပါတယ်။ ဒီလို ငြင်းကွယ်မရထင်ရှားလှတဲ့သာဓကေ

များကြောင့် မြန်မာရဲ့သမိုင်းကြောင်းဟာ အချို့သောနိုင်ငံကြီးများထက်စောစီးစွာ ပေါ်လွင်ပီပြင်ခဲ့တယ်ဆိုတာသိသာစွာတွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာဆိုတာဟာ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုတည်းကိုသာကိုယ်စားမပြုဘဲ တိုင်းရင်းသားအားလုံးပေါင်းရုံးအကျုံးဝင်တဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကိုကိုယ်စားပြုသုံးနှုန်းတဲ့ အထောက်အထားများလည်းများစွာရှိပါတယ်။ မြန်မာသက္ကရာဇ် ၃၇၃ ခု၊ အေဒီ ၁၃၇၅ ခုနှစ်မှာ ဒါန၊ သီလ နေ့ညမယွင်း အလျဉ်ခေါင်ရန်း ရဟန်းပုဏ္ဏား၊ မိန်းမ ယောကျ်ားသူများကိုအစည်းအပွားချမ်းသာကိုရှာပေတတ်သော မြန်မာပြည်သူ အလုံးကုန်အောင်စုံလို့ အခိုင်ရသည်ဖြစ်၍ဟု မှတ်တမ်းတင်ထားခဲ့တာကိုတွေ့ရပါတယ်။ ထို့အတူ မြန်မာသက္ကရာဇ် ၈၄၇ ခုနှစ်၊ အေဒီ ၁၄၈၅၊ အင်းဝခေတ်မှာရေးထိုးခဲ့တဲ့ စစ်ကိုင်းရတနာစေတီကျောက်စာမှာ ဧရာပန်းရောင်၊ ပေါင်းလောင်း၊ ချင်းတွင်းမြစ်၊ လေးစင်းအခံက ညွတ်မြနေသော ကျေးတောင်ရှင်မ မြန်မာပြည်ဟူ၍လည်းကောင်း၊ မြန်မာသက္ကရာဇ် ၈၇၁ ခုနှစ်၊ ခရဇ်နှစ် ၁၅၀၉ ခုနှစ်မှာရေးထိုးခဲ့တဲ့ အင်းဝခေတ်ရတနာဗိမာန်ကျောင်းမှာ မြောက်တလွှား သုနာပရန်၊ တောင်ဘက်က တမ္ပဒီပမည်သော တိုင်းနှစ်တိုင်းကိုကြပ်ကိုင်ဖုံးအုပ် အာဏာချုပ်လျက် ပိုက်ထုတ်ရိုက်ရာသာသနာလတည်း မြမြံတည်းလို့ ရေးထိုးထားတာကိုလည်း တွေ့ရှိရတဲ့အတွက် မြန်မာဟူသော ဝေါဟာရအသုံးအနှုန်းဟာ နိုင်ငံတစ်ခုလုံးကို လွှမ်းခြုံအသုံးပြုထားတယ်။ နိုင်ငံထဲမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး အကျုံးဝင်တယ်ဆိုတာကိုမီးမောင်းထိုးပြသလို ဖြစ်နေစေခဲ့ပါတယ်။ မြန်မာဆိုတဲ့ အသုံးအနှုန်းဟာ နက်နဲကျယ်ပြန့်တဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်ပြီး အဲဒီဖွင့်ဆိုချက်နဲ့ လိုက်လျောညီထွေရှိတဲ့ တိုင်းရင်းသားများစုစည်းနေထိုင်ရာနိုင်ငံကို ရှေးကတည်းက ရည်ညွှန်းသုံးစွဲခဲ့ကြောင်း သိသာပေါ်လွင်ထင်ရှားလှပါတယ်။ ၂၀၀၈ ခုနှစ်မှာ တစ်နိုင်ငံလုံးကအတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) နိုင်ငံတော်အခြေခံမူများမှာလည်းပုဒ်မ ၂ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်မည်။ ပုဒ်မ ၃ နိုင်ငံတော်သည်တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်လို့ ဖော်ပြထားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ရှေးယခင်ကတည်းက မြန်မာဆိုတဲ့အသုံးအနှုန်းရှိခဲ့ပြီး ယနေ့တိုင်အောင်တည်မြဲလျက် နိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုလျက်ရှိပါတယ်။ မြန်မာဆိုတဲ့ စကားလုံးကိုကြားရရင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးဆိုတာ အမှတ်ရသတိရပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွကာ မျိုးချစ်စိတ်ဓာတ်ကို နိုးကြားတက်ကြွစေခဲ့ပါတယ်။ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်းဟာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကောင်းစားတာ၊ ဂုဏ်သိက္ခာမြင့်မားကြီးမြင့်တာကို တွေ့မြင်လိုကြမယ်ဖြစ်ပါတယ်။ မိမိနိုင်ငံ၊ မိမိလူမျိုးကိုနှိမ့်ချဆက်ဆံတာမဖွယ်မရာပြုမူ ပြောဆိုသုံးနှုန်းတာကို မသုံးသင့်တဲ့နေရာတွေမှာ သုံးစွဲတာကိုကြားသိမြင်တွေ့ကြ

မယ်လို့မဟုတ်ပါဘူး။ ဒါ့ကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်မှူးကြီး ဌေးနိုင် တင်သွင်းခဲ့တဲ့ မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မား စေရန်အလို့ငှာ ရည်ရွယ်ခေါ်ဆွန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် မြင့်မြတ်သည့်နိုင်ငံနှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်သော နေရာအသုံးအနှုန်းများတွင် သာသုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သော နေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုရေး နည်းဥပဒေပြဋ္ဌာန်းပေးရေးအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးဖြစ်ပါ တယ်။ မြန်မာဆိုတဲ့ စကားရပ်ကိုတစ်မျိုးသားလုံးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ခေါ်ဆွန်းတဲ့ ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များနဲ့ နိုင်ငံနဲ့ တိုင်းရင်းသား လူမျိုးအားလုံးနဲ့ သက်ဆိုင်သော မြင့်မြတ်တဲ့နေရာအသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးအမှတ် တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေ ပြဋ္ဌာန်းပေးနိုင်ရေးအဆိုနဲ့စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်။ မြန်မာဟူသော အသုံးအနှုန်း နှင့်စပ်လျဉ်း၍ ပုဂံခေတ်၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ်ကျောက်စာတွေမှာ စတင်တွေ့ရှိရပါတယ်။ မြန်မာဆိုတဲ့ဝေါဟာရကို ကျော်အောင်စံထားဆရာတော်ရဲ့ ဝေါဟာရတ္ထ ပကာသဏီမှာ မြန်သည်၊ မာသည်ဟူသောအကြောင်းကိုစွဲ၍ မြန်မာဟူသည်ကို ရေးသားထားပါတယ်။ ယင်းဖော်ပြချက်များအရ မြန်မာဟူသောဝေါဟာရဟာ ရှေးအစဉ်အဆက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့လူမျိုး အားလုံးကိုခြုံ၍ လျင်မြန်သန်မာသူများအား ဂုဏ်တင်ခေါ်ဝေါ်ခဲ့ကြရာမှ အစပြုခဲ့တယ်လို့ ယူဆရပါ တယ်။ နာမည်အရပင်လျှင် လျင်မြန်ခြင်း၊ သန်မာခြင်းဟူသော ဂုဏ်ကိုဖော်ဆောင်ပါတယ်။ မြန်မာ ဟူသောဝေါဟာရကို မြန်မာအဘိဓာန်အကျဉ်းချုပ်အတွဲ ၃ မှာ မြန်မာနိုင်ငံမှာ နှစ်ကာလရှည်စွာ အစဉ်အဆက် ပျံ့နှံ့စွာအတူတကွ အခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုးလို့ အဓိပ္ပာယ်ဖွင့်ဆို ထားပါတယ်။ မြန်မာမည်သော မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးသည် နေထိုင်ရာအရပ်ဒေသကိုလိုက်၍ ခေါ်ဝေါ်ပြောဆိုသောစကား၊ ယုံကြည်ရာဘာသာ

တရားတို့ကွဲပြားကြမည်ဖြစ်သော်လည်း မြန်မာလူမျိုးတို့၏ ပင်ကိုယ်စရိုက်လက္ခဏာ၊ ရိုးရာအစဉ်အလာဓလေ့ထုံးစံများမှာ အခြေခံအားဖြင့်တူကြပါတယ်။ ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့အညီ ပုဂံခေတ်ကျောက်စာမှသည် ယနေ့ခေတ်ကာလသို့တိုင် မြန်မာဟူ၍ တည်တံ့ခိုင်မြဲစွာသုံးစွဲလျက်ရှိကြောင်းတွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် မြန်မာဟူသောဝေါဟာရအစသည် မြန်မာသမိုင်းစဉ်နဲ့ ယှဉ်လျက်ထပ်ချပ်မကွာရှိခဲ့တာကို တွေ့ရှိရပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်းတင်ပြခဲ့ကြပါတယ်။ ကျွန်တော် ရှင်းလင်းဆွေးနွေးလိုတာကတော့ မြန်မာဆိုတဲ့ဝေါဟာရဟာ ရှေးယခင်က လျင်မြန်သန်မာသူများကို ဂုဏ်ပြုရည်ညွှန်းတဲ့ ဂုဏ်ပြုခံစကားစုအဖြစ် ရပ်တည်ခဲ့ရာကနေပြီးတော့ ယနေ့အချိန်အခါမှာတော့ ယဉ်ကျေးသိမ်မွေ့တဲ့လက္ခဏာ၊ အစဉ်တစိုက် အတူနေထိုင်ခဲ့တဲ့အလေ့အထတွေကို ရည်ညွှန်းတဲ့ ဂုဏ်ပြုတဲ့စကားအဖြစ်ကို သက်ရောက်လာပါတယ်။ ဥပမာ- မြန်မာဆန်ဆန်၊ မြန်မာ့ရိုးရာအစဉ်အလာ၊ မြန်မာထမင်း၊ မြန်မာဟင်း၊ မြန်မာ့စိတ်ရင်း၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ရှုခင်းစသည်ဖြင့် ဂုဏ်ကိုဖော်ညွှန်းတဲ့ စကားအထိရောက်ရှိလာပြီဖြစ်ပါတယ်။ မြန်မာတို့ဟာ ဖြူစင်သိမ်မွေ့စွာ၊ ပြုံးရွှင်ဖော်ရွေစွာ၊ ပျူပျူငှာငှာဆက်ဆံတတ်ကြတာဟာ မြန်မာတို့ရဲ့ ရိုးရာအစဉ်အလာမြန်မာ့စိတ်ရင်းပဲဖြစ်ပါတယ်။ မူလဂုဏ်ရည်ဖြစ်တဲ့ လျင်မြန်ခြင်း၊ သန်မာခြင်း ဂုဏ်ရည်များထက်ပိုပြီးတော့ ယဉ်ကျေးခြင်း၊ ဖော်ရွေခြင်း၊ အမျိုးဘာသာကို စောင့်ရှောက်ခြင်းစတဲ့ ဂုဏ်ရည်တွေကို ဆောင်ယူလျက်ရှိပါတယ်။ မြန်မာဆိုတဲ့အသုံးအနှုန်းဟာ အများပြည်သူရဲ့ဆက်ဆံရေး နယ်ပယ်မှာ ဂုဏ်ယူတဲ့အဓိပ္ပာယ်ဖြင့် တွင်ကျယ်စွာ ကျင့်သုံးနေကြောင်းတွေ့ရှိရပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)(၁)မှာ မြန်မာဆိုတဲ့စကားရပ်မှာ တိုင်းရင်းသားလူမျိုးများနဲ့ ပတ်သက်ပြီးတော့သုံးစွဲရာမှာ ယင်းစကားရပ်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာစသော တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ မြန်မာဆိုတဲ့စကားရပ်မှာ တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်ကြောင်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့် မြန်မာဆိုတာဟာ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရဲထွန်းကို ရှင်းလင်းပြောကြားဆွေးနွေးလိုပါတယ်။ ဒါ့အပြင် မြန်မာဟူသောဝေါဟာရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လို့ တင့်တယ်ခိုင်မာစွာ ဖော်ညွှန်းထားပြီးဖြစ်ပါတယ်။ အထက်ပါအကြောင်းများကြောင့်မြန်မာဟူသော တစ်နိုင်ငံလုံးကိုကိုယ်စားပြုသည့် အထက်ဖော်ပြပါ ဂုဏ်အင်္ဂါရပ်များကို ဖော်ညွှန်းတဲ့စကားလုံးကို ယုတ်ညံ့စေခြင်း၊ သေးသိမ်စေခြင်းမဖြစ်စေဖို့ ဥပဒေအရအကာအကွယ်ပေးသင့်ပါတယ်။ နိုင်ငံတော်မှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်

သီချင်းများကို ကာကွယ်ပေးတဲ့ ဥပဒေကိုပြဌာန်းထားပါတယ်။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာပါရှိတဲ့အမှတ်အသားလက္ခဏာများကို အရွယ်အစားအမျိုးမျိုး အသုံးပြုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၈၊ ပုဒ်မခွဲ(က)ပါ ပုံသဏ္ဌာန်အချိုးအစားတို့နဲ့ ကိုက်ညီနိုင်သမျှ ကိုက်ညီစေရမယ်လို့ပြဌာန်းထားပါတယ်။ နိုင်ငံတော်အလံမှာထားရှိရမယ့် စံပြုအရွယ်အစား၊ အတိုင်းအတာ၊ အရောင်အသွေးတို့ကို ဥပဒေဖြင့်အသိအမှတ်ပြုပြဌာန်းထားပါတယ်။ နိုင်ငံတော်သီချင်းမှာလည်း ယင်းရဲ့တေးသွားနဲ့စာသားကို သတ်မှတ်ပြဌာန်းထားပါတယ်။ အဆိုပါ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းများမှာ သီးခြားစီဂုဏ်အင်္ဂါများကို ဖော်ဆောင်ကြောင်းဖွင့်ဆိုပြဌာန်းထားပြီးတော့ ယင်းတို့ရဲ့ပုံသဏ္ဌာန်အရွယ်အစား၊ သီချင်းရဲ့သံစဉ်ဖွဲ့စည်းမှုတွေကို အတိအကျသတ်မှတ်ပြီးမှ အဆိုပါပုံသဏ္ဌာန်အရွယ်အစား၊ သံစဉ်ဖွဲ့စည်းမှုတွေကို ယုတ်ညံ့သေးသိမ်အောင်ပြုလုပ်တဲ့အပြုအမူတွေကိုတားမြစ်ကြောင်း အဆိုပါဥပဒေများမှာ ပြဌာန်းချက်များအဖြစ်တွေ့ရှိရပါတယ်။

အချို့စကားလုံးများသုံးစွဲမှုကို ကန့်သတ်တားမြစ်တဲ့ ပြဌာန်းချက်ပါရှိတဲ့ ဥပဒေအဖြစ် Partnership Act ကိုတွေ့ရပါတယ်။ ဒီဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ ၃ မှာ နိုင်ငံတော်သမ္မတကစာဖြင့်ရေးသားခွင့်ပြုမိန့်ရှိတဲ့ အခါမှတစ်ပါး မည်သည့်အစုစပ်လုပ်ငန်း၏အမည်တွင်မျှ အစိုးရကပါဝင်ခွင့်ပြုသဘောတူသည့် သဘောသက်ရောက်စေသည့် Crown, Emperor, Empress, Empire, Imperial King, Queen, Royal, President, Union ဟူတဲ့ စကားလုံးများပါဝင်ခြင်းမရှိစေရလို့ပြဌာန်းထားပါတယ်။ မြန်မာနိုင်ငံမှာ The Registration Act အရ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက် ၁၃ မှာ ကိုယ်ကျင့်သိက္ခာအရ၊ ဥပဒေအရ ကန့်ကွက်နိုင်တဲ့ အကြောင်းရှိလို့ရှိရင်၊ ဘာသာကိုးကွယ်မှုကိုထိခိုက်စေတဲ့အကြောင်းရှိလို့ရှိရင်၊ လိမ်လည်ခြင်း၊ ဖုံးကွယ်ခြင်းပြုတဲ့ သဘောရှိလို့ရှိရင်၊ ငွေစက္ကူအရောင်နဲ့တုပရိုးမှားလျှင် အမျိုးသားခေါင်းဆောင်ရဲ့ ပုံသဏ္ဌာန်ဖြစ်လို့ရှိရင် မှတ်ပုံတင်ခြင်းမပြုရကြောင်းဖော်ပြထားပါတယ်။ နိုင်ငံတကာမှာကျင့်သုံးတဲ့ အနေအထားများနဲ့ စပ်လျဥ်း၍လည်း စင်ကာပူနိုင်ငံမှာ Trade Mark Act, Trade Mark Rules 2000 အရ ကုန်အမှတ်တံဆိပ်ဟာကွဲပြားခြားနားတဲ့လက္ခဏာရှိရမယ်။ လူအများနဲ့ရင်းနှီးပြီးတော့ တွင်ကျယ်တဲ့ အသုံးအနှုန်းတွေမဖြစ်စေရဘူး။ အများပြည်သူကျင့်စဉ် ကိုယ်ကျင့်တရားတို့နဲ့ မဆန့်ကျင်ရဘူးလို့ ပြဌာန်းထားပါတယ်။ အမေရိကန်နိုင်ငံ Lanham Act ပုဒ်မ ၂ အရ ကုန်အမှတ်တံဆိပ်ဟာ လူပုဂ္ဂိုလ်အဖွဲ့အစည်း သက်ဝင်ယုံကြည်မှု၊ အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးတို့နဲ့ ဆက်နွယ်ပြီးတော့ ကိုယ်ကျင့်ပျက်ပြားမှု၊ လိမ်လည်မှု၊ မဖွယ်မရာဖြစ်စေမှုကို ဖော်ဆောင်လို့ရှိရင် မှတ်ပုံတင်ခွင့်မပြုပါဘူး။ အိန္ဒိယနိုင်ငံမှာ

လည်း Emblems and Name (Prevention of Improper Use) Act 1950 ပြဋ္ဌာန်းရာမှာ ကုန်အမှတ်တံဆိပ်တစ်ခုဟာ လိမ်လည်လှည့်ဖြားတဲ့သဘောရှိတဲ့ ဘာသာယုံကြည်မှုကို ထိပါးတဲ့မဖွယ်မရာဖြစ်မှု၊ ညစ်ညမ်းမှုတွေပါရှိတဲ့ တံဆိပ်ဖြစ်လို့ရှိရင် မှတ်ပုံတင်ခွင့်မပြုကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ အမှတ်တံဆိပ်တွေကို ကန့်သတ်သုံးစွဲကြဖို့ ဥပဒေအားဖြင့်ပြဋ္ဌာန်း တားမြစ်တဲ့စနစ်ဟာ နိုင်ငံတကာမှာလည်း ကျင့်သုံးလျက်ရှိတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။ သို့ရာတွင် မြန်မာဆိုတဲ့အသုံးအနှုန်းဟာ အများပြည်သူများအကြားမှာ တွင်ကျယ်စွာသုံးနှုန်းနေတဲ့ အသုံးအနှုန်းလည်းဖြစ်တဲ့အတွက် စီးပွားရေးအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေစတဲ့ ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းတွေဟာ အမည်ပေးတဲ့နယ်ပယ်တွေကို သတ်မှတ်ခြင်းဖြင့်လည်းကောင်း နယ်ပယ်သတ်မှတ်ခြင်းမပြုဘဲနဲ့ မြန်မာဆိုတဲ့အသုံးအနှုန်းကို သုံးစွဲပြီးတော့ ရေးသားဖြန့်ဝေရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အများပြည်သူ ကိုယ်ကျင့်တရားပျက်ပြားမှု၊ ဘာသာသက်ဝင်ယုံကြည်မှုကိုထိခိုက်ခြင်း၊ ယုတ်ညံ့သေးသိမ်ခြင်းများ မဖြစ်စေရေးအတွက် တားမြစ်ချက်များ သတ်မှတ်၍လည်းကောင်း ကန့်သတ်ပြဋ္ဌာန်းသင့်ပါတယ်။ ဒါကြောင့်မို့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဒွေးနိုင်ရဲ့ မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ခေါ်ညွှန်းတဲ့ ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များနဲ့၊ နိုင်ငံနဲ့တိုင်းရင်းသားလူမျိုးအားလုံးနဲ့ သက်ဆိုင်သော မြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာသုံးစွဲခွင့်ပြုရေးနဲ့ အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းတွေမှာ သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး အဆိုနဲ့စပ်လျဉ်း၍ ထောက်ခံပါကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို နေ့လယ် ၁၃း၄၀ နာရီတွင်ပြန်လည်စတင်ပါမယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီ။

**[အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။အစီအစဉ် ဆက်လက်မဆောင်ရွက်မီ လွှတ်တော်သို့ တင်ပြစရာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဝေဖန်အကြံပြုမှုများကို လက်ခံပါတယ်လို့ ကြေညာထားလို့လားမသိဘူး။ ဝေဖန်မှုတွေ၊ အကြံပြုမှုတွေအများကြီးလာပါတယ်။ ဘယ်ကစလဲဆိုတော့ ပုဆိုးဝတ်တာတိုသွားရင် ပုဆိုးဝတ်တဲ့အခါမှာလည်း အနားမညီရင်စသဖြင့်ပေါ့လေ။ ဒီလိုဝေဖန်အကြံပြုမှုတွေလာပါတယ်။ လာတဲ့အခါမှာလည်း ကျွန်တော်တို့ကတော့ အရပ်အခေါ်အောက်သားပေါ့။ တချို့ကလည်း အညာသားတွေပါတော့အညာသားနဲ့ အောက်သားမတူတာရှိတယ်လေ။ အောက်သားကျတဲ့အခါကျတော့ ရေရှိတာကိုအဲဒီတော့ ပုဆိုးတိုတိုဝတ်ရတယ်။ အညာသားတွေကျတဲ့အခါကျတော့ ဖုန်ရှိတယ်။ ဖုန်မပေအောင် ပုဆိုးရှည်ရှည်ဝတ်တယ်လို့ထင်တယ်။ ပြီးတော့ ဟိုတစ်နေ့က ဆွေးနွေးသလိုပဲ ဟိုကျွန်တော့်အဖေကလယ်သမားဆိုတဲ့အခါကျတော့ ပုဆိုးရှည်ရှည် ဝတ်တယ်ဆိုလို့ရှိရင် မင်းအညာသား ပုဆိုးအရှည်ကြီးနဲ့ ဘယ်လိုလုပ် အလုပ်လုပ်မှာလည်း အဲဒီလိုပြောတဲ့ အစွဲကလည်း ကျွန်တော်ပုဆိုးတိုတိုပဲ ဝတ်သွားတဲ့အနေအထားရှိတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ဘက်ကျတဲ့အခါကျတော့ ခုနရွှံ့တွေဘာတွေများတဲ့အတွက်ဖိနပ်မစီးဘူး။ အညာကျတဲ့အခါကျတော့ ဖိနပ်စီးမှဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ထနောင်းဆူးစူးမှာကြောက်လို့ဆိုတော့ အလေ့အထမတူဘူး။ သို့ရာတွင် ကောင်းသောဝေဖန်အကြံပြုမှုများဖြစ်တဲ့အတွက် ကျွန်တော်လည်း ကြိုးစားပြီးတော့ ခုန ပုဆိုးတိုရာကနေ ရှည်အောင်ဝတ်၊ ရှည်အောင်ဝတ်တဲ့အခါကျတော့ ခုနအနားမညီတော့ ရှေ့ထွက်တဲ့အခါကျတော့လည်း ခါးတောင်းကျိုက်ဖို့လား၊ ဘာလားစသည်ဖြင့်ပေါ့လေ။ ဒီလိုလည်းရှိတာပဲ။ ဒါပေမယ့်ဝေဖန်ပါ၊ အကြံပြုပါဆိုတဲ့အတွက်လည်း ဒါလက်ခံရမှာပေါ့။ ဒီထက်ဆိုးတာ ဘာလဲဆိုတော့ နာရီပေါ့လေ။ ကြံကြံဖန်ဖန်ကြည့်တယ်။ ကျွန်တော်လက်က နာရီကဒိုင်ခွက်က အမဲဖြစ်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌဖြစ်ပြီးတော့ ဒီဟာကြီးပတ်ရလားဆိုတဲ့သဘောနဲ့ ဝေဖန်အကြံပြုတယ်။ ကျွန်တော်ကလည်း ဒီနာရီပတ်တဲ့အကြောင်းရှိတယ်။ ဘာဖြစ်လဲဆိုတော့ နာရီမှန်တယ်။ ကျွန်တော်ကျန်တဲ့ Rolex တို့ Omega တို့ကမမှန်ဘူးပြောတယ်။ သတိထားမိပါလိမ့်မယ်။ ကျွန်တော်ဒီအပေါ်ရောက်တဲ့အခါ ဒီနာရီကလေးတဲ့အတွက် ချွတ်ချွတ်ပြီးတော့ ဒီမှာချထားတာဆိုပါတော့၊ ကျွန်တော့်ကို ဝေဖန်အကြံပြုမှုများ ပေးပါဆိုတဲ့အတွက် အကြံပြုမှုတွေကတော့အများကြီးလာတယ်။ နောက်လည်း လာနိုင်တဲ့သဘောရှိပါတယ်။ ဒါပေမယ့် ကောင်းသောဝေဖန်အကြံပြုမှုများအတွက် ကျွန်တော်စဉ်းစားပြီးတော့ လက်ခံဆောင်ရွက်မှာပါ။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ချက်ချင်းကြီးမပြင်နိုင်တာတွေရှိရင်၊ ပြင်သော်လည်း ခုနက အချိုးမကျတာရှိလို့ရှိရင်တော့ဝေဖန်အကြံပေးတဲ့သူများက နည်းနည်းလေး ဒါတော့ နားလည်ပေးပါလို့နော်။ ကျွန်တော်

လွှတ်တော်မှာ ဝေဖန်အကြံပြုမှုနဲ့ ပတ်သက်လို့ ပထမဦးစွာတင်ပြအပ်ပါတယ်။ အဲဒီနည်းတူပဲ ကျွန်တော်တို့ လွှတ်တော်မှာပဲ တချို့ဝေဖန်အကြံပြုမှုများရှိပါတယ်။ ဥက္ကဋ္ဌကြီးက ကိုယ်စားလှယ်တွေကို တအားအလိုလိုက်တာပဲ။ အဲဒီလို ဝေဖန်အကြံပြုမှုလည်းရှိပါတယ်။ တချို့ကျတဲ့အခါကျတော့ ဥက္ကဋ္ဌကြီးက တချို့ကိစ္စတွေကျတဲ့အခါကျတော့ နည်းနည်း လွှတ်တော်ရဲ့ဆန္ဒမယူဘဲနဲ့ လုပ်တယ်ဆိုတဲ့သဘောမျိုး၊ အနေအထားမျိုးနဲ့ တင်ပြတာလည်းရှိပါတယ်။ ဒါဘာလဲဆိုတော့ ကျွန်တော်တို့ ဒီဆန္ဒမဲခွဲတဲ့အခါမှာ စက်ခလုတ်နဲ့ခွဲတာ သို့မဟုတ်လို့ရှိရင် ခုနပြောင်ပေ့ါလေ။ မတ်တတ်ရပ်ခွဲတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဒီလိုလည်း ဝေဖန်အကြံပြုတာတွေလည်းရှိပါတယ်။ အဲဒီနည်းတူ ပြီးခဲ့တဲ့ဒီနေ့ ဗိုလ်မှူးကြီးဌေးနိုင်ရဲ့အဆိုကို တင်သွင်းသွားတဲ့အထဲမှာ ဆွေးနွေးသွားတဲ့ ဦးရဲထွန်းက ဒီနေ့လည်း ကျွန်တော့်ကို Code လုပ်ပြီးတော့ပြောပါတယ်။ ဥက္ကဋ္ဌကြီး၊ ဝေဖန်ကြိမ်းမောင်းမှုတွေခံခဲ့ရတယ်။ ကျွန်တော် သီပေါမဲဆန္ဒနယ်က ဘယ်သူပါလို့ သူကပြောတယ်။ ကျွန်တော် ပြောမယ်ဆိုရင်တော့ ကြိမ်းမောင်းတာ မဟုတ်ပါဘူး။ ဆူပူတာလည်း မဟုတ်ပါဘူး။ အဲဒီနေ့က ဆွေးနွေးသွားတာက ဆွေးနွေးရမည့် အကြောင်းက လယ်ယာမြေဥပဒေ အကြောင်းမဟုတ်ဘဲနဲ့ ဆွေးနွေးရမှာက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးရမှာဖြစ်သော်လည်း ရှေ့ကဟာတွေ ဆွေးနွေးတဲ့အတွက် မသင့်တော်ဘူးဆိုတာကို ကျွန်တော် စဉ်းစားပြီးတော့မှ ချိန်ပြီးတော့မှ ဒီလို ဆွေးနွေးတာ၊ ဆွေးနွေးတယ်ဆိုတာ ပြန်ပြောပြတာဖြစ်ပါတယ်။ အဲဒီနေ့ပြီးတဲ့အခါမှာ နောက်ရက်ကျတဲ့အခါကျတော့ ဦးရဲထွန်းဆီက သူဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုဖြစ်ပါတယ်။ ဘယ်လိုတောင်းပန်ပါတယ်။ ဆိုတာလည်းလာပါတယ်။ ကျွန်တော့်အနေနဲ့ အမှန်အတိုင်းပြောရမယ်ဆိုရင် ဒီတောင်းပန်တယ်ဆိုတဲ့ဟာနဲ့ ပတ်သက်လို့လည်း ကျွန်တော်နားလည်ပြီးသားပါ။ ဒါလည်း နားလည်ပြီးသား ပြောလို့ခွင့်လွှတ်ပြီးသားပါ။ ကျွန်တော့် စေတနာကတော့ ဒီလွှတ်တော်ထဲရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒီလွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ပြီးတဲ့အခါမှာ ကိုယ်ဆွေးနွေးတင်ပြရမယ့်ဟာသည် မဆိုင်တဲ့အကြောင်းအရာတွေကို ဆွေးနွေးခြင်းအားဖြင့် ဟိုဘက်ရက်က လွှတ်တော်က ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်တွေကိုပြန်ပြီးတော့ မထီမဲ့မြင် သို့မဟုတ် ဆိုလို့ရှိရင် အပြစ်တင်တဲ့ သဘောမျိုးဖြစ်တယ်ဆိုလို့ရှိရင် မကောင်းဘူးဆိုတာကိုသိအောင် ကျွန်တော် ဒီလိုပြောခြင်းပဲဖြစ်ပါတယ်။ ပြောခြင်းပဲ ဖြစ်ပါတယ်ဆိုတော့ ခုတော့မထူးပါဘူး။

ဦးရဲထွန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်ကာလမတိုင်ခင်မှာ သူ့ဘက်ကတော့ စေတနာကောင်းနဲ့ အကြံပြုတင်ပြတယ်ဆိုပြီးတဲ့အခါမှာ နိုင်ငံတော်သမ္မတကြီးဆီ သူစာရေးပြီးတော့ တင်ပြပါတယ်။ စာရေးတင်ပြတဲ့အခါမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဒီစာဖတ်ပြီးတဲ့အခါမှာ စေတနာ

ကောင်းနဲ့အကြံပြုတာမှန်သော်လည်း တစ်ဘက်ကအစိုးရကို နိုင်ငံတော်အစိုးရကို စော်ကားတဲ့သဘော မျိုးသက်ရောက်တဲ့အတွက် သမ္မတကြီးအနေနဲ့ စိတ်မကောင်းဘူးဖြစ်ပါတယ်။ စိတ်မကောင်းဖြစ်တဲ့ အတွက်သမ္မတကြီးက မှတ်ချက်ပြုတာက ပြည်ထောင်စုလွှတ်တော်နာယက ဒါနဲ့ပတ်သက်လို့ လိုသလို ဆောင်ရွက်ပါဆိုပြီးတော့ ဒီလိုပြောပါတယ်။ ဒါကို ဦးရဲထွန်း(ခေါ်) ဦးမင်းထွန်းက သိသွားပြီးတဲ့အခါမှာ သူကစာရေးပြီးတင်ပြပါတယ်။ သမ္မတကြီးဆီကို စာရေးတင်ပြတာက သူကစေတနာနဲ့ ဒီလိုတင်ပြတာ ပါ။ အဲလိုတင်ပြတဲ့အခါမှာ တကယ်လို့ သမ္မတကြီးအနေနဲ့ သူ့ရဲ့ပြုမူချက်မှားတယ်ဆိုလို့ရှိရင် ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ထွက်ဆိုလည်း ထွက်ပါမယ်ဆိုတဲ့အနေအထားမျိုး ဒီလို ပြောခဲ့တဲ့အနေအထားလည်းရှိပါတယ်။ ဒါတော့ အဲဒီမှာ သူ့ရဲ့တင်ပြချက်ထဲမှာ ကျွန်တော်ကတော့ မပါပါဘူး။ ကျွန်တော်ကမပါပေမယ့်လို့ လွှတ်တော်နာယကဖြစ်တဲ့ ဦးခင်အောင်မြင့်ကပြောတယ်။ ဒါကကျွန်တော်လည်းသိအောင်ဆိုပြီးတော့ ဒီစာလေးသူလာပြတယ်။ ဟုတ်ပြီလေလို့ ပြီးတဲ့အခါ ကျွန်တော်အောက်လည်းပြောပါတယ်။ ဦးရဲထွန်း စေတနာပါသော်လည်း လုပ်နည်းမှားတယ်။ လမ်းကြောင်းက သမ္မတကို တိုက်ရိုက်သူ့အနေနဲ့ အကြံပေးတင်ပြဖို့က သူ့လုပ်ငန်းမဟုတ်ဘူး။ သူက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ လုပ်ငန်းလမ်းကြောင်း အတိုင်းပဲလုပ်ရမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဆီရောက်တဲ့အခါမှာ ဒီစကားပဲပြောပါဆိုပြီးတော့ ဒုတိယဥက္ကဋ္ဌကို ဒီလိုပြောခဲ့တာရှိပါတယ်။ ဒါပေမယ့် ဒီနေ့ဒီအချိန်အထိ ကျွန်တော်ခေါ်လည်းမပြော ခိုင်းသေးပါဘူး။ ဒါကြောင့် အခုလည်း ဦးရဲထွန်းက သူနဲ့ပတ်သက်ပြီးတော့ ဒီလိုရှိတယ်ဆိုတာ တင်ပြ ချက်ပေါ်မူတည်ပြီးတော့ ဦးရဲထွန်းရဲ့ ဒီလွှတ်တော်ကာလအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့သမိုင်းကြောင်း အနေအထားပေါ် မူတည်ပြီးတဲ့အခါမှာ ကျွန်တော်တို့ဘက်က ဘယ်လိုစိတ်စေတနာရှိတယ်။ ဘယ်လို သဘောထားတယ်။ ဘယ်လိုဆောင်ရွက်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များသိအောင် ကျွန်တော်ရှင်းလင်း တင်ပြခြင်းပဲဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဟာ ဒီလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်များကို မေးခွန်းတွေမေးမြန်းခွင့်ရှိပါတယ်။ ဒီမေးခွန်း မေးမြန်းတာကိုလည်း သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်တွေက ပြန်လည်ဖြေကြားရမယ့်တာဝန်လည်း သူတို့တွေမှာရှိပါ တယ်။ အဲဒီနည်းတူပဲ အဆိုတင်သွင်းခွင့်ပြီးတဲ့အခါမှာ ဥပဒေကြမ်းတင်သွင်းခွင့်၊ ဥပဒေကြမ်း တင်သွင်းပြီးတဲ့အခါမှာ တင်ထားတဲ့ဥပဒေကြမ်း ဘယ်သူကပဲတင်တင် ပြည်ထောင်စုအဆင့်ကပဲ တင်တင်၊ တင်ထားတဲ့ဥပဒေကြမ်းပြင်ဆင်မှုကိုလည်း ပြန်လည်ပြီးတော့ သူ့အနေနဲ့ပြင်ဆင်နိုင်တယ်။ ချေဖျက်နိုင်တယ်။ ဒီအခွင့်လည်းရှိပါတယ်။ အဲဒါပြီးတဲ့အခါမှာ ဘာအခွင့်အရေးလည်းရှိတယ်ဆိုတော့

လွှတ်တော်မှာ ကျွန်တော်တို့အဆိုအတွက် မဲခွဲတဲ့နေရာမှာ မဲပေးပိုင်ခွင့်ရှိပါတယ်။ အဲဒီအတိုင်းပဲ ကျန်တဲ့ကျန်တဲ့ ခုနလွှတ်တော်နဲ့ သက်ဆိုင်တဲ့အခွင့်အရေးတွေလည်းရခွင့်ရှိပါတယ်။ အဲဒီရခွင့်တွေကိုတော့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အသီးသီးရစေချင်ပါတယ်။ ရအောင်လည်း ဆောင်ရွက်ပေးထားပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဆီကို ပြည်သူ့လွှတ်တော်ကိုမေးခွန်းတွေ ဘယ်လောက်ရောက်လာလဲဆိုတော့ ၂၆-၉-၂၀၁၁ ရက်နေ့အထိ မေးခွန်းပေါင်း ၅၅၅ ခုရောက်ပါတယ်။ အဆိုက ၁၀၈ ခုရောက်ပါတယ်။ အဲဒီမေးခွန်း ဒီ ၅၅၅ ခုထဲကမှ ပြည်ထောင်စုအစိုးရနဲ့ သက်ဆိုင်တဲ့ ရုံးတွေကိုပို့ပြီး ဒါ ၄၇၉ ဆိုတဲ့အတွက် ကျွန်တော်တို့ဆီမှာ ၇၀ လောက်ကျန်ပါတယ်။ ၇၀ အနေနဲ့ စိစစ်ပေးတဲ့အခါမှာ တချို့မေးခွန်း၊ တချို့အဆိုကျတဲ့အခါကျတော့ ဒါလွှတ်တော်နဲ့ဆိုင်တယ်ဆိုတော့ လွှတ်တော်မှာ ကျွန်တော်တို့ လွှတ်တော်ကဖယ်ထားပါတယ်။ အဲဒီဖယ်ထားတဲ့နေရာမှာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအဆိုကို ဒေါ်တင်နွယ်ဦး တင်ထားတဲ့အဆိုဖြစ်တယ်။ ဒီဟာသည် လွှတ်တော်က ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်။ သို့ရာတွင် လွှတ်တော်ကဆောင်ရွက်တဲ့နေရာမှာ ကော်မတီတွေဖွဲ့စည်းပြီးပြီ ဖွဲ့စည်းပြီးတဲ့အခါမှာ ဒီအဆိုကိုတော့ တင်စရာမလိုတော့ဘူးလို့ ဒီလိုသတ်မှတ်တယ်။ သူ့ဟာနဲ့သူ သက်ဆိုင်ရာ ကာယကံရှင်ကနေပြီးတော့ သူတင်ထားတဲ့အဆိုကတော့ သူ့ဘက်က မှတ်တမ်းလေးလိုချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတင်ပြခွင့်ပြုပါဆိုတဲ့ဟာမှာ သူ့ရဲ့အခွင့်အရေးမဆုံးရအောင် ခွင့်ပြုလိုက်ပါတယ်။ ကာယကံရှင်ကလည်း အဆိုတင်သွင်းပြီးတဲ့အခါမှာ သူဒါမှတ်တမ်းထားရင် ကျေနပ်ပါပြီဆိုပြီးတော့ တစ်ခါတည်း ပြန်ရုပ်သိမ်းသွားပါတယ်။ သဘောကဘာလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝရစေချင်တဲ့သဘောအရ အခုကျန်တဲ့ ခုနကဖြေပြီးတဲ့သူတွေဖြေပြီးပြီ၊ ကျန်တဲ့သူတွေဖြေဖို့ကျန်သေးတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့လွှတ်တော်မဲဆန္ဒနယ်မြေမှာရှိတဲ့ ပြည်သူများကိုယ်စား လွှတ်တော်လာတက်တဲ့အခါမှာ မိမိတို့ကလည်း လွှတ်တော်မှာမေးတယ်။ အဆိုတင်သွင်းတယ်ဆိုတာကို သက်ဆိုင်ရာ ပြည်သူလူထုကလည်းလိုလားတယ်။ တကယ်လို့ ကိုယ်ကမတင်ပြဘူး။ မေးခွန်းတွေမထုတ်ဘူးဆိုလို့ရှိရင် ရေဒီယို တီဗွီကြည့်ပြီးတဲ့အခါမှာ ငါတို့လွှတ်တော်ကိုယ်စားလှယ်ကဘာမှလည်း လွှတ်တော်မှာ ပြောလည်းမပြောဘူး။ သွားထိုင်နေတာပဲဆိုပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကို အထင်သေးပြီးတဲ့အခါမှာ အခြား၊ အခြားဆက်ခါဆက်ခါ အထင်သေးနိုင်လျက်ရှိပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်က မေးသမျှမေးခွန်း အဖြေပေးချင်တယ်။ ပြီးတဲ့အခါမှာ လူတိုင်းပါဝင်စေချင်တယ်။ ဘယ်သူ့အတွက်လဲ၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် သို့ရာတွင် အခုကျွန်တော်တို့ မေးခွန်းတွေမေးတဲ့အခါမှာ ရှေ့မှာပေါ့လေ။ နယ်မြေအခြေအနေနဲ့ ဟိုဟာဖြစ်အောင်

ဆိုပြီးတဲ့အခါမှာ ရှေ့ကခြေဆင်းတွေပြော၊ ပြောတဲ့အတွက် ကျွန်တော်တို့က မေးခွန်းဖြေဖို့အတွက်ကြ တော့အချိန်နည်းသွားတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့သူတွေအတွက်ကျတော့လည်း အချိန်မရဘူးဖြစ် နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒီလွှတ်တော် ဒီ Section မှာတော့ မေးသမျှမေးတဲ့သူတွေ ပါဝင်အောင် ဆောင်ရွက်ပေးလိုတဲ့စေတနာရှိတယ်။ ဆောင်ရွက်နိုင်အောင်လည်း နည်းလမ်းရှာပြီး တော့ဆက်ပြီးလုပ်သွားမယ်။ အဲဒီအခါကျရင်တော့ မေးတဲ့ပုဂ္ဂိုလ်များအနေနဲ့ မေးရမယ့်အကြောင်းပဲ မေးပြီးတော့ ကျန်တဲ့အကြောင်းတွေကတော့ နားလည်ပြီးတဲ့အခါမှာ မေးခွင့်ပြုမှာမဟုတ်ဘဲနဲ့ မေးလို တဲ့အကြောင်းပဲ မေးပြီးတဲ့အခါမှာ ဖြေလိုတာတွေကို အဲဒီအမေးအဖြေဖြစ်တဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဟာ ကိုယ်စီကိုယ်ငှရသွားမယ့် သဘောရှိပါတယ်။ ဒါကတော့ မေးခွန်းနဲ့အဖြေအပိုင်းပါ။ ဒါကြောင့် ဒါကတော့ ကျွန်တော် လွှတ်တော်ကို လက်ရှိ အခြေအနေတွေ တင်ပြခြင်းပဲဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒီနေ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်တင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။ အဲဒီတော့ ဗိုလ်မှူးကြီးဌေးနိုင်ရဲ့အဆိုက အားလုံးသိပြီးဖြစ်တဲ့ အတိုင်းပဲ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန် အလို့ငှာရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံနှင့် နိုင်ငံသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာအသုံးအနှုန်းတွင်သာ သုံးစွဲခွင့် ပြုရေးနှင့် နောက်တစ်ပိုဒ်ကျတဲ့အခါ အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာအသုံး အနှုန်းများတွင်သုံးစွဲခွင့်မပြုစေရေး၊ ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားတာခုနှစ်ဦးဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်အဖွဲ့ဝင် တစ်ဦးဆိုလို့ ရှိရင်ရှစ်ဦးဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ဆွေးနွေးတဲ့ပုဂ္ဂိုလ်အသီးသီးကလည်း တပ်မတော် သားကိုယ်စားလှယ်ကတင်သွင်းတဲ့ အဆိုဖြစ်တဲ့အတွက် လေးလေးနက်နက်စဉ်းစားပြီးတော့ ဆွေးနွေး သွားတယ်လို့ပဲယူဆပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေဟာလည်းပဲ တပ်မတော်သားပီပီမျိုးချစ် စိတ်ဓာတ်အခြေခံတဲ့အတွက် ဒီရဲ့အခြေခံစိတ်ဓာတ်အပေါ်မှုတည်ပြီးတဲ့အခါမှာ အားလုံးပါဝင်တဲ့ ဒီအဆိုတစ်ခုဖြစ်တယ်ဆိုတာ ဒီလိုပဲသုံးသပ်လို့ရပါတယ်။ သို့ရာတွင် အဆိုတင်သွင်းလာကတည်းကိုက ကျွန်တော့်ဘက်ကပေါ့လေ။

ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီအဆိုမှာ နည်းနည်းလေးဝိဝါဒ Control Virtual ဖြစ်နိုင်တဲ့ဟာ သွားတွေ့ပါတယ်။ တွေ့တဲ့အတွက်လည်း ဒါလေးလည်း ကျွန်တော်ထောက်ပြခဲ့တာရှိပါတယ်။ ဒါဘာ လဲဆိုတဲ့အခါမှာ ကျွန်တော်တွေ့တာနှစ်ခုပေါ့လေ။ ပထမအပိုဒ်မှာပါတဲ့ သက်ဆိုင်သောမြင့်မြတ်သည့်

နေရာ၊ မြင့်မြတ်သည့်နေရာဆိုတဲ့ဟာသည် ဒါဘာလဲဆိုတော့ နေရာကတော့ ရှင်းပါတယ်။ သူကနေရာဖော်ပြတဲ့နမ်တစ်ခုပါပဲ မြင့်မြတ်သည်ဆိုတဲ့အခါ မြင့်မြတ်သောဆိုတာကတော့ Adjective ပါပဲ။ ဒါဖြင့်ရင် ဘယ်ဟာကို မြင့်မြတ်သလဲဆိုလည်း ဆိုတဲ့မေးခွန်းတွေ Control virtual တွေဖြစ်လာနိုင်တဲ့ တစ်ခုရှိပါတယ်။ နောက်တစ်ခုကျတဲ့အခါကျတော့ အသုံးအနှုန်းတွင်သာ သုံးစွဲရေးနဲ့ပြီးသွားပါပြီ။ အမှတ်တံဆိပ်အပါအဝင် တခြားမသင့်လျော်သောဆိုတဲ့ဟာ တစ်ခုတွေ့ပါတယ်။ တွေ့တဲ့အတွက် ဒီဟာကတော့ သက်ဆိုင်တဲ့ကိုယ်စားလှယ်များ ဒီအပေါ်ဆွေးနွေးမယ်ဆိုလို့ရှိရင် Control virtual ဖြစ်နိုင်တယ်လို့ ကျွန်တော် ဒီလိုပဲ မူလကတည်းက ကြိုတင်သုံးသပ်ထားပါတယ်။ ဒီနေ့ဆွေးနွေးတဲ့အခါကျတော့ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော့်အမြင်တော့ ပညာရှင်နှစ်ဦးပါပါတယ်။ ကျန်တဲ့အဖွဲ့တွေကတော့ ပညာရှင်လိုခေါ်ဆိုလောက်နိုင်တဲ့ အနေအထားမရှိပါဘူး။ ပညာရှင်နှစ်ဦးက နာမည်နဲ့ဖွင့်ပြောရမယ်ဆိုရင် ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်က သူသည်ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အချိန်များစွာနေထိုင်ပြီးတော့ ကျွန်တော်သိသလောက်တော့ ပုဂံမှာပဲအခြေပြုပြီးတဲ့အခါမှာ မြန်မာ့ယဉ်ကျေးမှုအထူးသဖြင့် မြန်မာစာ၊ မြန်မာစကားအပါအဝင် တခြားကိစ္စနဲ့ပတ်သက်လို့ ဦးအောင်ကြိုင်က ပညာရှင်တစ်ယောက်။ အဲဒီအတိုင်းပဲ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်က ဆရာမကြီးအနေနဲ့ ဒါပညာရှင်လို့ပဲ ကျွန်တော့်ဘက်ကတော့ ဒီလိုပဲအသိအမှတ်ပြုရမယ်။ အဲဒီပညာရှင်တွေဟာ ဒီနေ့ ဆွေးနွေးသွားတဲ့အခါမှာ ပညာရှင်တင်မကဘဲနဲ့ ပညာရှိပီပီ ဒီလိုပဲအပိုင်းလိုက်ခွဲပြီးတော့ ဆွေးနွေးခြင်း၊ ထောက်ခံခြင်းပြုသွားပါတယ်။ ပထမအပိုင်းအနေနဲ့တော့ ဒီဟာနဲ့ပတ်သက်လို့ ဘာမှပြောစရာမရှိဘူး။ သို့ရာတွင် အမှတ်တံဆိပ်အပါဝင်ဆိုတဲ့ နောက်ပိုင်းကျတဲ့အခါကျတော့ စဉ်းစားသင့်ပါတယ်။ သတိပြုသင့်ပါတယ်ဆိုတဲ့ဟာ တကယ်သတိပြုသင်တဲ့ ကိစ္စဖြစ်နေတာကို ကျွန်တော်သွားပြီးတွေ့ရပါတယ်။ အဲဒီအတိုင်းပဲ အခြားပေါ့လေ မလိုတာကို မသင့်တာကို အဆိုရဲ့သဘောအရ ကျွန်တော်တို့က မဲခွဲဆုံးဖြတ်ရမယ်။ ဆုံးဖြတ်တဲ့အခါမှာ တစ်ဘက်ဘက်ကတော့နိုင်မှာပဲ နိုင်တယ်ဆိုလို့ရှိရင် သူကအဆိုတင်သွင်းတဲ့လူကလည်း သူဟာကရှုံးသွားတယ်ဆိုရင် စိတ်ကောင်းမှာမဟုတ်ဘူး။ ဒီဘက်ကလည်း တစ်ခါနိုင်ငံတော်နှင့် ပြည်သူများရဲ့အရေးမျှော်တွေးပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ဒီအဆိုအောင်မြင်သွားလို့ နိုင်ငံတော်နဲ့ပြည်သူများ အစိုးရဘက်က ဆောင်ရွက်နေတဲ့နေရာမှာအခက်အခဲတွေ၊ အခြားပြဿနာတွေ ဖြစ်လာမယ်ဆိုရင်လည်း မကောင်းတဲ့အနေအထားဖြစ်တဲ့အတွက်၊ တင်ထားတဲ့အဆိုအတွက် စဉ်းစားရတာ နည်းနည်းခက်တဲ့အနေအထားရှိမယ်လို့ ဒီလိုပဲသုံးသပ်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်သင့်တဲ့အဆိုအတွက် ဒါထောက်ခံပေးဖို့နဲ့ မဖြစ်သင့်တဲ့အဆိုအတွက်မထောက်ခံပေးဖို့ ဒါကျွန်တော်ဘက်က ဒီလိုပဲလွှတ်တော်ကိုတင်ပြရမှာဖြစ်ပါတယ်။ ဖြစ်သင့်

တဲ့အတွက် ထောက်ခံတဲ့အခါမှာလည်း ထောက်ခံတဲ့ပုဂ္ဂိုလ်များနဲ့ ထောက်ခံခံရတဲ့လူများလည်း ဒီဟာကိုကျေကျေနပ်နပ် နှစ်ဘက်လုံးလက်ခံဖို့လိုပါတယ်။ မဖြစ်သင့်တဲ့အဆိုကို မထောက်ခံတဲ့အခါမှာလည်းထောက်ခံခြင်းခံရတဲ့ပုဂ္ဂိုလ်များက နားလည်ဖို့နဲ့ တစ်ဖက်ကလည်း ဒီလိုလုပ်ဆောင်ခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက်ဖြစ်တယ်ဆိုတာလည်း ရဲရဲယုံလုပ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ခွဲခြားပြီးတင်ပြရမယ်ဆိုရင် ပထမပိုင်း ဒီမြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာ၊ အသုံးအနှုန်းနဲ့ လွှာသုံးစွဲရေးဆိုတဲ့ အပိုင်းတစ်ပိုင်းကို လွှတ်တော်ကိုပဲ လွှတ်တော်ရဲ့သဘောထားကို မေးမှာဖြစ်ပါတယ်။ အဲဒါပြီးမှ ကျန်တဲ့အပိုင်းဆက်ပြီးတော့မေးမှာဖြစ်ပါတယ်။ ဒါတောင် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ မြင့်မြတ်သည့်နေရာလို့ ဆိုတဲ့အရာနဲ့ပတ်သက်လို့လည်း တစ်ဖက်က လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒါလေးလည်း နားလည်ပေးပြီးတဲ့အခါမှာ နောက်ပိုင်း ဒီအဆို အောင်မြင်သွားတယ်ဆိုရင်လည်း မြင့်မြတ်တဲ့ဆိုတဲ့စကားအစား အခြားထိုက်သင့်တဲ့လျော်ညီတဲ့ဟာအတွက်လည်း ဒါစဉ်းစားပေးသွားမှာ ဖြစ်တယ်ဆိုတာလည်း တစ်ဖက်က လွှတ်တော်အနေနဲ့ နားလည်လက်ခံပေးဖို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီဗိုလ်မှူးကြီးဌေးနိုင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ရဲ့ မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာတွင် အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနဲ့ပတ်သက်ပြီးတော့ ဒီလွှတ်တော်ရဲ့ သဘောထားကိုရယူပါမယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထားကိုသိချင်ပါတယ်။ လွှတ်တော်ရဲ့သဘောထားကို သိချင်တဲ့အတွက် လွှတ်တော်အနေနဲ့ သဘောတူတာ၊ မတူတာ ရှိ၊ မရှိ သိလိုပါတယ်။ သဘောတူတာမရှိဘူးဆိုရင်တော့ ဒီအဆိုကို အတည်ပြုဖို့ ဆက်ပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရဲ့ပထမပိုင်းဖြစ်တဲ့ ခုနကကျွန်တော်တင်ပြတာနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောထား၊ လွှတ်တော်အနေနဲ့ ဒီအဆို ပထမပိုင်းကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ပထမပိုင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒုတိယအပိုင်းအဆိုနဲ့ ပတ်သက်လို့ အဆိုတင်သွင်းတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်ရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးကြီးဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ သီးခြားဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မနေ့ကတင်ပြခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဒုတိယပိုင်းဖြစ်တဲ့ အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သော အသုံးအနှုန်းများတွင် သုံးစွဲခွင့် မပြုစေရေး ဥပဒေပြဋ္ဌာန်းခြင်းအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်အနည်းငယ် တင်ပြလိုပါတယ်။ ဒီအဆိုဟာလည်း ကျွန်တော့်အဆိုဖြစ်သလို တပ်မတော်တစ်ရပ်လုံးရဲ့ အဆိုဖြစ်ပါတယ်။ ကျွန်တော် တို့ဟာ မိမိကိုယ်ကျိုးအတွက်သော်လည်းကောင်း တပ်မတော်သားတစ်ယောက်အနေနဲ့ တပ်မတော် အကျိုးအတွက် တင်ပြခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသား အားလုံးနဲ့သက်ဆိုင်တဲ့ အသုံးအနှုန်းဖြစ်တဲ့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အလို့ငှာ ကျွန်တော်တို့ ဒီအသုံးအနှုန်းကိုသုံးပြီးတော့ ဒီမြန်မာပြည်မှာနေပြီးတော့ မြန်မာကိုချစ်တတ်ဖို့လိုပါတယ်။ မြန်မာပြည်ကို ချစ်တတ်ဖို့လည်းလိုပါတယ်။ မြန်မာဆိုတဲ့စကားလုံး ကိုအလေးအနက်ထား အထွဋ်အထိပ်ထားဖို့လည်းလိုပါတယ်။ ကိုယ့်နိုင်ငံကို ချစ်ဖို့လည်းလိုပါတယ်။ ဒါမှလည်း နိုင်ငံကိုချစ်တဲ့စိတ်ဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံသားအားလုံးဟာ နိုင်ငံချစ်တဲ့စိတ်ရှိမှပဲ တိုင်းပြည်ဟာ မိမိရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ခေတ်မှာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်တဲ့စိတ်တွေ လျော့ပါးနေတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ယခုခေတ် လူငယ်များဆိုရင် ပိုပြီးနိုင်ငံချစ်စိတ် နည်းပါးနေတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ မြန်မာဆိုတာ အထွဋ်အထိပ်ထားရမယ့် အသုံးအနှုန်းဆိုတာ မြန်မာနိုင်ငံအတွင်းမှာ မှီတင်း နေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးသိရှိနေဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမြန်မာဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော်တို့ ဒီအမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်တဲ့နေရာ တွေမှာသုံးနှုန်းခွင့်မပြုစေရေးအတွက် ဥပဒေပြဋ္ဌာန်းဖို့အတွက်တင်ပြခြင်း ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာဆိုတဲ့ အသုံးအနှုန်းဟာ အရက်ကြော်ငြာတွေမှာ စပြီးတော့တွေ့ရမှာဖြစ်ပါတယ်။ ဒါကျွန်တော် တို့တပ်မတော်က မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှာတောင်မှ မြန်မာ့ဘီယာဆိုပြီးတော့ ကြော်ငြာ ပြီးတော့ ကမ္ဘာမှာနာမည်ကြီးနေတာဖြစ်ပါတယ်။ အခုလက်ရှိ အရက်ကြော်ငြာကစပြီးတော့ နောက်ပိုင်း

မှာဆိုရင် အခြားမသင့်လျော်တဲ့ကြော်ငြာတွေမှာပါလာမယ်ဆိုရင် ဒါကိုတားဆီးဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တပ်မတော်သားကိုယ်စားလှယ်အနေနဲ့ မြန်မာဆိုတဲ့ အသုံးအနှုန်းကို နေရာတကာမှာမသုံးဘဲနဲ့ အမှန်တကယ်မြင့်မြတ်တဲ့ အသုံးအနှုန်းမှာသုံးပြီးတော့ မသင့်လျော်တဲ့ အခြားနေရာတွေမှာမသုံးဖို့ ကျွန်တော့်အနေနဲ့တင်ပြရခြင်းဖြစ်ကြောင်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့်မို့လို့ ဗိုလ်မှူးကြီးဌေးနိုင်ကလည်း သူ့ရဲ့အဆို ဒါကြောင့် တင်သွင်းတယ်လို့ ဒီလိုတင်ပြတဲ့အတွက် အဆိုနဲ့ပတ်သက်ပြီး ဗိုလ်မှူးကြီးဌေးနိုင်ရဲ့ အဆိုကိုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီ။ ၁၃၃။ ကြားနေမယ့်သူများ မတ်တတ်ရပ်ပေးပါ။ ၁၃။ ဒါကြောင့်ကျန်တာကန့်ကွက်။ ဒါကြောင့် ဒီနေ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်တယ်။ ဥက္ကဋ္ဌနှုတ်မယ်ဆိုရင် ၃၈၃ ၊ဥက္ကဋ္ဌမဲပေးရန်မလိုဘူး။ ဒါကြောင့်မို့လို့ အပိုင်းနှစ်ပိုင်းခွဲပြီးတော့ ကြေညာပါမယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်တင်သွင်းတဲ့ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနဲ့သက်ဆိုင်သော မြင့်မြတ်သည့်နေရာအသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးအဆိုအား ခုနတော့ တစ်ကြိမ်ကြေညာပြီးပါပြီ။ အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းတဲ့ နှင့်ရဲ့နောက် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သော နေရာအသုံးအနှုန်းများ တွင်သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မှတ်တမ်းတော့တင်ထားရမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ချက်အဆိုနဲ့အတူ တစ်ပိုဒ်ချင်းဆီ ဆွေးနွေးရာမှာ မနေ့က ၂၆ ရက်မြောက်နေ့မှာ အပိုဒ် ၅၂၊ အပိုဒ်ခွဲ (ခ)အထိဆွေးနွေးဆုံးဖြတ် အတည်ပြုပြီးဖြစ်ပါတယ်။ ဒီနေ့အစည်းဝေးမှာတော့ အခန်း(၁၀)၊ အပိုဒ် ၅၃ မှစပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခန်း (၁၀)၊ အပိုဒ် ၅၃ မှ အခန်း (၁၄)၊ အပိုဒ် ၆၆ ထိ ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအပိုဒ် ၆၇ ဇယားမှာဆိုရင် စာမျက်နှာ ၄၊ အမှတ်စဥ် ၁၀၊ အပိုဒ် ၆၇ အတွက်ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းအပိုဒ် ၆၇ မှာလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် ရုံးများကို လိုအပ်သောမြို့နယ်များတွင်ဖွင့်လှစ်တည်ထောင်ပေးရမည်ဟု ဖော်ပြထားတာကို သုံးသပ်ကြည့်မယ်ဆိုရင် ကိုယ်စားလှယ်ရှိသော်ငြားလည်း လိုအပ်သောဟူသော စကားရပ်သုံးထားခြင်းဟာ လိုအပ်မှရုံးဖွင့်မယ်။ မလိုအပ်ရင် ရုံးမဖွင့်ဘူးဆိုတဲ့ သဘောမျိုးသက်ရောက်စေနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များပီပီ ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ လွှတ်တော်ဆောင်ပုဒ်နဲ့အညီ ပြည်သူများရဲ့ လိုအပ်မှုကိစ္စအဝဝကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ရှိတဲ့မြို့နယ်များမှာ လွှတ်တော်ကိုယ်စားလှယ်ရုံးများမဖြစ်မနေ ဖွင့်ကိုဖွင့်ရမယ်လို့ယူဆပါတယ်။ ဒါကြောင့် လိုအပ်သောစကားရပ်အစား လွှတ်တော်ကိုယ်စားလှယ်များရှိသောဆိုတဲ့ စကားရပ်ဖြင့် အစားထိုးရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မူလပြဋ္ဌာန်းချက်အစား လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်ကိုယ်စားလှယ်ရှိသော မြို့နယ်များတွင် ဖွင့်လှစ်တည်ထောင်ပေးရမည်ဆိုတဲ့ ပြင်ဆင်ချက်အဆိုကိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏အဆိုကို မိုးနဲမဲဆန္ဒနယ်မှ ကျွန်တော်ဦးစိုင်းကျော်မြင့်က ထောက်ခံပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါ

တယ်။ မူလပြဋ္ဌာန်းချက်အပိုဒ် ၆၇ မှာ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လိုအပ်သောမြို့နယ်များတွင် ဖွင့်လှစ်ထူထောင်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ လိုအပ်သောဆိုတဲ့စကားက ဝိဝါဒကွဲပြားပြီး အငြင်းပွားဖွယ်ရာ စကားလုံးဖြစ်နေပါတယ်။ လိုအပ်သောမြို့နယ်၊ မလိုအပ်သောမြို့နယ်ဆိုပြီးခွဲခြား မထားသင့်ပါဘူး။ မြို့နယ်တိုင်းဟာ အခွင့်အရေးတူညီသင့်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတိုင်းဟာလည်း အခွင့်အရေးတူညီသင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာလည်း အခွင့်အရေးတူညီသင့်ပါ တယ်။ နန်းဆောင်ရ၊ နန်းဆောင်မရဆိုပြီးတော့ မလုပ်သင့်ပါဘူး။ ထူးခြားတဲ့အခြေအနေမျိုးမှာ၊ ထူးခြားတဲ့ဒေသတွေမှာ ခွင့်လွှတ်မရတဲ့အခြေအနေမျိုးမှာရှိနေရင်လည်း ဒါကိုသက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်ကို ရှင်းပြလို့ရပါတယ်။ ဥပဒေမှာထည့်ပြီး မပြဋ္ဌာန်းသင့်ဘူးလို့ထင်ပါတယ်။ ဒီလို ပြဋ္ဌာန်းလိုက်တော့မှာ မယောင်ရာဆီလူးဆိုသလို ဖြစ်နေမှာစိုးပါတယ်။ ဒေါက်တာစိုင်းကျော်အုန်းရဲ့ ပြင်ဆင်ချက်နဲ့ ကျွန်တော့်ပြင်ဆင်ချက်ဟာ တူနေသယောင်တော့ရှိပါတယ်။ ဒါပေမယ့် ဥပဒေ စကားလုံးဆိုတာဖြစ်တာကြောင့် အဓိပ္ပါယ်နှစ်ခွထွက်တဲ့စကားလုံးမျိုးကို ကျွန်တော်ရှောင်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မြို့နယ်များဆိုတဲ့စကားရပ်မသုံးဘဲ မြို့နယ်တိုင်းဆိုတဲ့ စကားရပ်ကို အစားထိုးသုံးလိုပါတယ်။ တိုင်းဆိုတဲ့စကားလုံးဟာ လေးနက်မှု၊ တိကျမှု၊ ချွင်းချက်မရှိမှု အားလုံးနဲ့ သက်ဆိုင်မှုရှိတဲ့အပြင် မဖြစ်မနေလုပ်ရမယ့်သဘောရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိရာ မြို့နယ်တိုင်းတွင်ဆိုတဲ့ စကားရပ်ကို အစားထိုးသုံးစွဲဖို့အဆို တင်သွင်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း တင်သွင်းထားတဲ့အဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ခင်စောဝေမှ ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံ မဲဆန္ဒနယ်မှ ဦးအောင်သိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအပိုဒ် ၆၇ မှာပါတဲ့ ဒီလိုအပ်သောဆိုတဲ့ နေရာမှာ လိုအပ်သလိုဆိုတဲ့ စာလုံးကိုပြင်ပြီးတော့ ကျွန်တော်ပြင်ဆင်ချက်တင်သွင်းခြင်းဖြစ်ပါတယ်။ လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လိုအပ်သလို မြို့နယ်များတွင် ဖွင့်လှစ် တည်ထောင်ပေးရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို ကျွန်တော်တင်သွင်းခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲဒါ

ဘာကြောင့်တင်သွင်းတုန်းဆိုရင် မူလဥပဒေကြမ်းအပိုဒ် ၆၇ မှာ လိုအပ်သောမြို့နယ်လို့သုံးထားတဲ့ အတွက် လိုအပ်သောမြို့နယ်နဲ့ မလိုအပ်သောမြို့နယ်ဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်မယ့် အဓိပ္ပါယ် သက်ရောက်နေပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ပေါင်း ၃၃၀ ရှိရာ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို မလိုတဲ့မြို့နယ်ဟူ၍မရှိနိုင်ပါ။ ဘတ်ဂျက်အခြေအနေအရသော် လည်းကောင်း၊ အခြားအခြေအနေများအရသော်လည်းကောင်း လိုအပ်သလို မြို့နယ်များတွင်ဖွင့်လှစ် တည်ထောင်ပေးလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ သို့ပါ၍ မူလဥပဒေကြမ်းပါ အပိုဒ် ၆၇ အား လွှတ်တော်သည်လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လိုအပ်သလို မြို့နယ်များတွင်ဖွင့်လှစ်တည်ထောင် ပေးရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲဒီအပိုဒ် ၆၇ မှာပဲ တစ်ခါတည်းဆက်လက်ပြီးတော့ ကျွန်တော် ဖြည့်စွက်ထည့်သွင်းထားတဲ့ ပြင်ဆင်ချက်အဆိုကို တင်သွင်းလိုပါတယ်ခင်ဗျား။ အဲဒီ ဖြည့်စွက်လိုတဲ့အချက်ကတော့ လွှတ်တော် မူလဥပဒေကြမ်းပါ အပိုဒ် ၆၇ မှာ အပိုဒ် ၆၇ ၊ အပိုဒ်ခွဲ(ခ)အဖြစ် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်တည်ထောင်ရာတွင် မဖွံ့ဖြိုးသေးသည့် (ဃ) အဆင့်မြို့နယ်များနှင့် (ဂ) အဆင့်မြို့နယ်များကို ဦးစားပေးဆောင်ရွက်ရမည်ဆိုတဲ့အပိုဒ်ကို ဖြည့်စွက်ထည့်သွင်းပေးပါရန် ကျွန်တော့်အနေနဲ့ အဆိုတင် သွင်းပါတယ်ခင်ဗျား။ အဲဒီဟာ ဘာကြောင့်တင်သွင်းရတုန်းဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၃၃၀ ထဲမှာဖွံ့ဖြိုးပြီးတဲ့မြို့နယ်တွေ၊ ဖွံ့ဖြိုးဆဲမြို့နယ်တွေ၊ မဖွံ့ဖြိုးသေးတဲ့မြို့နယ်တွေရှိနိုင် ပါတယ်။ လွှတ်တော်နဲ့ပတ်သက်တဲ့ ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ ဖွံ့ဖြိုးပြီးမြို့နယ်များနဲ့ ဖွံ့ဖြိုးဆဲ မြို့နယ်များအဖို့ လူအင်အား၊ စက်ကိရိယာအင်အား၊ ကွန်ပျူတာစာစီစာရိုက်ဖို့နှင့် လုပ်ငန်းများအပါ အဝင်အခက်အခဲမရှိသော်လည်း မဖွံ့ဖြိုးသေးတဲ့မြို့နယ်များမှာမူ လူအင်အား၊ စက်ကိရိယာအင်အား အခက်အခဲရှိကြမှာဖြစ်ပါတယ်။ ရုံးအဖြစ်သတ်မှတ်မထားရှိသေးပါက လွှတ်တော်ကိုယ်စားလှယ်အဖို့ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ အခက်အခဲများစွာနဲ့ ရင်ဆိုင်ကြုံတွေ့စရာရှိပါတယ်။ သို့ဖြစ်၍ လွှတ်တော်ဆိုင်ရာရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ ဖွံ့ဖြိုးပြီးမြို့နယ်များနှင့် တစ်ပြေးညီရင်ဘောင် တန်းပြီးအချိန်မီဆောင်ရွက်နိုင်ရန်အတွက် မဖွံ့ဖြိုးသေးတဲ့ (ဃ)အဆင့်မြို့နယ်များနှင့် (ဂ) အဆင့် မြို့နယ်များအား ဦးစားပေးဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆတဲ့အတွက် အခု ဖြည့်စွက်တဲ့အပိုဒ်ကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်သိန်းရဲ့အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့အဆိုကိုညောင်ရွှေမဲဆန္ဒနယ်မှကျွန်တော်ဦးဝင်းဆွေမှထောက်ခံကြောင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းတင်သွင်းသည့် လွှတ်တော်အခွင့်အရေးကော်မတီမှ ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို ကျွန်တော်တို့ ဒီအပိုဒ်ကိုထည့်သွင်းခြင်းကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ရပိုင်ခွင့်အခွင့်အရေးကို ဖော်ညွှန်းလိုတဲ့သဘောနဲ့ လွှတ်တော်ကပေးအပ်လိုက်တဲ့တာဝန်တွေ၊ မဲဆန္ဒနယ်မြေမှာရှိတဲ့ မိမိရဲ့မဲဆန္ဒနယ်ရှင်တွေနဲ့ တွေ့ဆုံတဲ့အခါတွေနောက်အခုဆိုလို့ရှိရင် ကော်မတီတွေဖွဲ့လိုက်တဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာကော်မတီဝင်တွေဖြစ်တဲ့အတွက်ကြောင့် ကော်မတီအသီးသီးရဲ့တာဝန်တွေကိုလည်းပဲ ဆောင်ရွက်ရဖို့အနေအထားဖြစ်လာတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ် ရုံးရှိမှသာလျှင် လွှတ်တော်ကိုယ်စားလှယ်ရဲ့ဂုဏ်သိက္ခာနဲ့အညီ ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့ ဆွေးနွေးသုံးသပ်ပြီးတော့ ဒီအပိုဒ်ကိုထည့်သွင်းခြင်းဖြစ်ပါတယ်။ သတိပြုဖို့ကတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးဟာ လွှတ်တော်နဲ့ဆိုင်တဲ့တာဝန်တွေ၊ လွှတ်တော်ကိုယ်စားလှယ်နဲ့ဆိုင်တဲ့ လုပ်ငန်းတွေလုပ်ဖို့အတွက် ရည်ညွှန်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးကိုဖွင့်ဖို့ ကျွန်တော်တို့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ဒီမှာဆွေးနွေးတဲ့နေရာတွေမှာတော့၊ ဆွေးနွေးတဲ့အချက်တွေမှာတော့ ကျွန်တော့်အနေနဲ့ဒီလိုအပ်သောဆိုတဲ့ စကားလုံးကိုဆွေးနွေးတာတွေ့ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းရဲ့အဆိုပြုတဲ့ လိုအပ်သလိုဆိုတာ ကျွန်တော်တို့ကကိုယ်စားလှယ်ရုံးတွေ အကုန်လုံးဖွင့်ဖို့ဟာ ၃၃၀ သောမြို့နယ်တွေရှိတဲ့အတွက် ၃၃၀ သောမြို့နယ်အားလုံးဖွင့်ဖို့ဟာ ကျွန်တော်တို့ ပြည်သူ့ဘဏ္ဍာတွေသုံးဖို့ဆိုတာအခုအချိန်မှာမသင့်သေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကလိုအပ်တဲ့အချိန်မှာ၊ လိုအပ်တဲ့နေရာမှာသုံးဖို့ လိုအပ်သောဆိုတာထည့်ပါတယ်။ ဒါပေမယ့် ဦးအောင်သိန်း တင်ပြတဲ့လိုအပ်သလိုဆိုတဲ့စကားလုံးဟာလည်းပဲ ပိုမိုသင့်လျော်တယ်လို့ အနေအထားလည်းကျွန်တော်တွေ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တော့ ဒီဦးအောင်သိန်းရဲ့ ပထမအဆိုဖြစ်တဲ့ ကျွန်တော့်ကိုပြင်တဲ့ ကျွန်တော့်အဆိုပြင်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို လိုအပ်သလို ဖွင့်လှစ်တည်ထောင်ပေးရမည်ဆိုတဲ့

စကားအပိုဒ်ကပိုပြီးတော့ လျော်ကန်သင့်လျော်ပါတယ်လို့ထင်ပါတယ်။ သို့သော် ဦးအောင်သိန်းရဲ့ ဒုတိယအပိုဒ်ကတော့ ဒီအချိန်မှာ ကျွန်တော်တို့က ဒါကျွန်တော်အမြင်တော့ အဆင့်ဆင့်ခွဲပြီးဆောင်ရွက်တဲ့အကြောင်းဟာ ဥပဒေမှာမထည့်ပဲနဲ့ ကျွန်တော်တို့ နည်းဥပဒေစဥ်းစားတဲ့အခါမှာတော့ ထည့်သင့်တဲ့ အပိုဒ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒုတိယအပိုဒ်ကိုတော့ မသင့်လျော်ဘူးလို့ထင်မြင်ချက်ယူဆပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီလိုတင်ပြသွားတဲ့အတွက် လောလောဆယ် အဆိုတင်သွင်းထားတဲ့ ဒေါက်တာစိုင်းကျော်အုန်း ၊ ဦးဖေသန်း၊ ဦးအောင်သိန်းတို့အပေါ်မှာမူတည်ပြီးတော့ ထောက်ခံမယ့် ကိုယ်စားလှယ်ကျွန်တော်တို့ရွေးချယ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာစိုင်းကျော်အုန်း နမ့်ခမ်းမဲဆန္ဒနယ်ရဲ့ အဆိုကိုထောက်ခံတဲ့ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ၁၆ ယောက်ရှိပါတယ်။ ထိုင်နိုင်ပါပြီခင်ဗျား။ ဒေါက်တာစိုင်းကျော်အုန်းရဲ့အဆိုကို ကြားနေမယ့်ကိုယ်စားလှယ်များရှိရင် မတ်တတ်ရပ်ပေးပါ။ တစ်ယောက်ရှိပါတယ်။ ရပါပြီ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိရင် မတ်တတ်ရပ်ပေးကြပါ။ ၁၅ယောက် ထိုင်နိုင်ပါပြီ။ ဦးဖေသန်းအဆို ကြားနေမတ်တတ်ရပ်ပေးပါ။ တစ်ယောက်ရှိပါတယ်။ ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ် အဆိုတင်ပြထားတဲ့ ပြင်ဆင်ရန်အချက် အပိုဒ် (က) ကိုထောက်ခံတဲ့ကိုယ်စားလှယ်များရှိရင် မတ်တတ်ရပ်ပေးပါ။ အားလုံးထိုင်နိုင်ပါပြီ။ ဦးအောင်သိန်းအဆိုကို ကန့်ကွက်မယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်ကိုယ်စားလှယ်များရှိရင် မတ်တတ်ရပ်ပေးပါ။ ၁၁၅။ ဒါကြောင့်မို့လို့ ရှိတဲ့ ၃၈၃ အလယ်ကခုနက နှုတ်ကျန်တာထောက်ခံတာပေါ့။ ကိန်းဂဏန်းပြီးတော့မှ ပြန်တွက်ပါနော်။ အချိန်ကြောင့်ဒါ့ကြောင့် ဦးအောင်သိန်း၊ ရွာငံကိုယ်စားလှယ်ရဲ့အဆိုဟာ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပေါင်းထားတာ၊ နှုတ်ထားတာ တစ်ခါတည်းကြေညာမယ်။ ပြီးတဲ့အချိန်မှာ။ စာမျက်နှာ ၄၊ အပိုဒ် ၁၃၊ အပိုဒ် ၆၈ ဦးခင်မောင်ရွှေ၊ တမူးက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းရဲ့ အပိုဒ် ၆၈ ၊ ပထမစာကြောင်းမှာ ပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများဟူတဲ့ စကားရပ်ရဲ့နောက်မှာ “ကိုလွှတ်တော်က” ဟုဟူသော စကားရပ်ကိုဖြည့်စွက်လိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို

“ကိုလွှတ်တော်က” ဆိုတဲ့စကားလုံးကို ဖြည့်စွက်ခြင်းအားဖြင့် မူလအချက်အလက်များကိုလည်းပဲ ပြောင်းလဲစေတာမတွေ့ရတဲ့အပြင် အဓိပ္ပါယ်ပိုမိုပြည့်စုံပြီး နားလည်သဘောပေါက်လွယ်ကူစေမယ်လို့ ယူဆတဲ့အတွက် ဤဥပဒေကြမ်းရဲ့ အပိုဒ် ၆၈ ပါမူလပြဋ္ဌာန်းချက်အား လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့်ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်သည်ဟု ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်းအဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ဒီစကားလုံးကို “ကိုလွှတ်တော်က”ဆိုတဲ့စကားလုံးကိုထည့်ခြင်းအားဖြင့် ဒီဥပဒေကို အဓိပ္ပါယ်ပိုမိုပြည့်စုံစေတဲ့အတွက် ကြောင့်ကျွန်မထောက်ခံပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်အခွင့်အရေးကော်မတီက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ထပ်မံဖြည့်စွက်တဲ့ “ကိုလွှတ်တော်က”ဆိုတဲ့ဖြည့်စွက်ချက်ဟာပိုပြီးတော့ လျော်ကန်သင့်မြတ်တဲ့အတွက် ကျွန်တော့်အနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုအတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၅၊ အမှတ်စဉ် ၁၄ ၊ အပိုဒ် ၆၉ ဦးမောင်တိုး၊ မင်းလှကအဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်သွင်းတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အပိုဒ် ၆၉ ကို အနည်းငယ်ပြင်ဆင်ဖြည့်စွက်လိုပါတယ်ခင်ဗျား။ အပိုဒ် ၆၉ ရဲ့ နောက်ဆုံးစာသားမှာ ငွေစာရင်းလျာထားချက်ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာသို့ပေးပို့ရမည်ဟုရေးသားထားပါတယ်။ သက်ဆိုင်ရာသို့ စာသားအစား ဘဏ္ဍာရေးကော်မရှင်သို့ပေးပို့ရမည်ဟုပြင်ဆင်လိုပါတယ်။ ၎င်းစာပိုဒ်မှာ ဆက်လက်ပြီးဖြည့်စွက်လိုတာကတော့ ဘဏ္ဍာရေးကော်မရှင်

သည်လွှတ်တော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြင်ဆင်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်ဟု ဖြည့်စွက်လိုပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ (က) မှာဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ဖော်ပြထားရာမှာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဒုတိယသမ္မတတစ်ဦးကဦးဆောင်၍ စိစစ်ရန်ဟု ဒါဖော်ပြထားပါတယ်။ ဒီဖော်ပြချက်ကိုကြည့်မယ်ဆိုရင်တော့ လွှတ်တော်တွေရဲ့ ရသုံးခန့်မှန်းခြေတွေကိုတော့ ဒီဘဏ္ဍာရေးကော်မရှင်က ဖျက်မယ့်သဘောတော့မရှိပါဘူး။ သို့သော်လည်းပဲ ပိုမိုပြီးတော့ တိတိကျကျဖြစ်စေဖို့အတွက်ကို ဒီစာပိုဒ်ကို ဖြည့်စွက်ရခြင်းဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ဟာ စတင်ပြီးတော့ ဖွဲ့စည်းတာ မကြာသေးတဲ့အတွက် ကျွန်တော်တို့မှာ ရသုံးခန့်မှန်းခြေဘတ်ဂျက် လိုအပ်ပါတယ်။ ကျွန်တော်တို့မှာ ဘယ်လောက်ပဲကောင်းမွန်တဲ့အကြံဉာဏ်တွေ၊ စီမံချက်တွေရှိပါစေ ဘတ်ဂျက်မရှိဘူးဆိုရင် ကျွန်တော်တို့ဘာမှလုပ်လို့မရနိုင်ပါဘူး။ ဒီကျွန်တော်တို့ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ဒီတစ်နိုင်ငံလုံးနဲ့ရေးရာအားလုံးနဲ့ပတ်သက်တဲ့ ကော်မတီအားလုံးကိုလည်း ကျွန်တော်တို့ ဖွဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကော်မတီတွေ လုပ်ငန်းတာဝန်ထမ်းဆောင်ဖို့ကို ကျွန်တော်တို့က ဘတ်ဂျက်လိုပါတယ်။ ဘယ်နေရာတွေမှာလိုမလဲဆိုလို့ရှိရင် ကျွန်တော်တို့က ဒီစာကြည့်တိုက်ကြီးတွေဆောက်ရမယ်။ စာအုပ်တွေဝယ်ရမယ်။ Website တွေတင်ရမယ်။ ကျွမ်းကျင်တဲ့ ပညာရှင်တွေကိုလည်း ကျွန်တော်တို့က ခန့်ထားရမယ်။ ဝန်ထမ်းတွေလည်းခန့်ထားရမယ်။ ဒီလိုကိစ္စတွေမှာလည်းပဲ အများကြီးပဲ ဘတ်ဂျက်တွေကိုသုံးရမှာဖြစ်ပါတယ်။

နောက်တစ်ခုကလည်းပဲ ကျွန်တော်တို့ရဲ့ ဒီလွှတ်တော်အစည်းအဝေးတွေပေါ့ ကျွန်တော်တို့ရဲ့ လွှတ်တော်အစည်းအဝေးဟာ အခုဆိုရင် ၂၇ ရက်ရှိပြီပေါ့။ နိုင်ငံတကာလွှတ်တော်တွေကို ကျွန်တော်တို့ပြန်ပြီးတော့ လေ့လာကြည့်မယ်ဆိုရင် နိုင်ငံတကာလွှတ်တော်တွေဟာ တစ်နှစ်ပတ်လုံး သူတို့က လုပ်တာဖြစ်ပါတယ်။ ရုရှားနိုင်ငံပဲ ကြည့်မယ်ဆိုလို့ရှိရင် ရုရှားနိုင်ငံမှာ တစ်နှစ်မှာ သူက ဒီလွှတ်တော် Session နှစ်ခုရှိပါတယ်။ Spring Session နဲ့ Autumn Session ဖြစ်ပါတယ်။ Spring Session ဆိုလို့ရှိရင် ဇန်နဝါရီလ ၁၁ ရက်နေ့ကနေပြီးတော့ ဇူလိုင်လ ၁၇ ရက်နေ့အထိ ၆ လခန့်သူတို့ထိုင်ပါတယ်။ ပြီးလို့ရှိရင် Autumn Session ဆိုရင် ဩဂုတ် ၂၉ ကနေပြီးတော့ ဒီဇင်ဘာ ၄ ရက်နေ့အထိ ထိုင်မယ်ဆိုပြီးတော့ သူတို့ဒီမှာစဥ်းစားပြီးတော့ သူတို့ Website မှာတင်ထားပြီးသားရှိပါတယ်။ ဒါဟာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ လွှတ်တော်တွေရဲ့ တစ်နှစ်မှာ ၁၀ လနီးပါးထိုင်တာဖြစ်ပါတယ်။ ထိုနည်းတူပါပဲ သူတို့အမေရိကန်နိုင်ငံရဲ့ ကွန်ဂရက်ကိုလည်းကြည့်မယ်ဆိုလို့ရှိရင် သူတို့ဟာ ၁၂ လမှာ တစ်လကိုပဲသူတို့နားပါတယ်။ အောက်တိုဘာမှာနားတဲ့နှစ်ရှိတယ်။ တစ်ခါတလေ ဩဂုတ်လမှာနားတယ်။ ကျန်တဲ့လတွေတိုင်းမှာ တစ်လကို ၁၁ ရက်၊ ၁၅ ရက် ဒီလိုမျိုးတောက်လျှောက် ကျွန်တော်တို့ ဒီလွှတ်တော်တွေဟာ ထိုင်တာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ အင်္ဂလန်ရဲ့ ပါလီမန်ကိုကြည့်မယ်ဆိုလို့ရှိရင်လည်း ဒီတချို့သောနှစ်တွေမှာ ၂၄၄ ရက်အထိ Sitting Days ဒါကျွန်တော်တို့ဆိုရင် ၂၈ ဆိုတာ Sitting Days ပေါ့။ အဲလိုမျိုးတွေ ကျွန်တော်တို့ ထိုင်တာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေကတော့ ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပမာဆိုပါတော့ ကျွန်တော်ဒီမှာတင်ပြချင်တာက လွှတ်တော်တစ်ရက်ထိုင်ဖို့ သိန်း ၂၀၀ လိုမယ်ဆိုပါတော့ တစ်နှစ်မှာ ကျွန်တော်တို့ရက်ပေါင်း ၂၅၀ ထိုင်ရင် သိန်းပေါင်း ၅၀၀၀၀ ကျော်၊ သိန်းပေါင်း ၅၀၀၀၀ ဆိုတော့ **Figure** အရ တော်တော်များနေပြီထင်ရသော်လည်းပဲ ကျွန်တော်တို့ဟာ ဒီနိုင်ငံမှာရှိတဲ့ ၅၈ သန်းလောက်ရှိတဲ့ လူဦးရေအားလုံးရဲ့ကောင်းကျိုးကိုအတွက် သုံးနေတဲ့ဟာဖြစ်တဲ့အတွက် ဒီ သိန်း ၅၀၀၀၀ ကို ကျွန်တော်တို့ သန်း ၅၀ နဲ့ ပြန်ပြီးစားလိုက်မယ်ဆိုလို့ရှိရင်တော့ လူတစ်ယောက်ကို ၁၀၀ ပဲကျပါတယ်။ လွှတ်တော်မှာရှိတဲ့ပြည်သူတွေရဲ့ကိုယ်စားလှယ်ဟာ တစ်နှစ်လုံးတာဝန်၊ ရက်ပေါင်း ၂၅၀ တာဝန်ထမ်းဆောင်ဖို့အတွက်ကို ကျွန်တော်တို့ရဲ့ပြည်သူတွေက ဒီလူတစ်ယောက်ကို တစ်နှစ်ကို ၁၀၀ လောက်ကိုတော့ သူတို့ကပေးဖို့ဝန်မလေးဘူးထင်ပါတယ်။ ဆိုလိုတာကတော့ လွှတ်တော်ရဲ့ကုန်ကျစရိတ်တွေဟာ ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် Investment တွေပါပဲ။ ကောင်းမွန်တဲ့ တန်ဖိုးရှိသော သုံးစွဲခြင်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ လွှတ်တော်ရဲ့ ကုန်ကျစရိတ်တွေဟာရှိလာမှာဖြစ်ပါတယ်။ ဒီကုန်ကျစရိတ်တွေကို ကျွန်တော်တို့ လွှတ်တော်မှာရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကပဲ ကျွန်တော်တို့ပိုပြီးတော့သိတာဖြစ်ပါတယ်။ အဲလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဒီဘတ်ဂျက်တွေကို ရေးဆွဲပြီးလို့ရှိရင် ပြည်ထောင်စုလွှတ်တော်မှာကျွန်တော်တို့က အဆုံးအဖြတ်ကိုနာခံတာဟာပိုပြီးတော့ သင့်တော်တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီအပိုဒ်ကို ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမဲဆန္ဒနယ်က ဦးသန်းမြင့်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ အဲဒီတော့ ခုနကဗိုလ်မှူးကြီးမောင်တိုးတင်ပြသွားတဲ့ အဆိုနဲ့ပတ်သက်လို့ ထောက်ခံပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင်

ဘတ်ဂျက်မရှိရင် လုပ်ငန်းလုပ်လို့မရတာ အားလုံးလည်းအသိဖြစ်ပါတယ်။ ကျွန်တော်တို့က လုပ်ငန်း စတင်ဆောင်ရွက်နေတဲ့ အချိန်ကာလဖြစ်တဲ့အတွက် ခုနတွက်ပြသလိုပဲ ကျွန်တော်တို့ အားလုံးစဉ်းစား တဲ့အခါမှာ ဘတ်ဂျက်ရှိမှသာ လုပ်ငန်းအကောင်အထည်ဖော်တဲ့အခါမှာ အဆင်ပြေမှာဖြစ်တဲ့အတွက် ဒါအခု ထပ်မံဖြည့်စွက်တဲ့ဟာကလည်း Resonable ကျတဲ့အတွက် ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီထပ်မံဖြည့်စွက်တဲ့ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ မင်းလှက ကိုယ်စားလှယ်ကြီးဦးမောင်တိုး တင်ပြသွားတဲ့ကိစ္စဟာ ဒီကျွန်တော်တို့ လွှတ်တော်မှာလိုအပ်မှာ လိုအပ် တဲ့ဘတ်ဂျက်အသုံးစရိတ်တွေကိုလုပ်နိုင်၊ ကိုင်နိုင်ချင်တဲ့ကိစ္စတွေကို လုပ်နိုင်၊ ကိုင်နိုင်အောင်ရည်ရွယ် ပြီးတော့ ဖြည့်စွက်တဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ဘက်က ကြည့်လို့ရှိရင် ဒါဟာ သင့်မြတ်တဲ့ကိစ္စတစ်ခုလို့မြင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာဘာလို့ခွဲခြားပြီး တင်ပြသလဲ ဆိုတော့ ကျွန်တော်တို့ ဒီတင်တဲ့ကိစ္စတွေက အခြေခံဥပဒေနဲ့ ညီညွတ်ဖို့လိုပါတယ်။ အဲဒီတော့ အခြေခံ ဥပဒေမှာဆိုထားတာကတော့ ဒီဟာတွေဟာ ကျွန်တော်တို့ ပြည်ထောင်စုအဖွဲ့အစည်းတွေအားလုံးဟာ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်တွေကို ရေးဆွဲပြီးတော့ ကျွန်တော်တို့တင်ပေးရပါလိမ့်မယ်။ သက်ဆိုင်ရာသို့ ဒီအခြေခံဥပဒေမှာပါတဲ့အတိုင်း တင်ပေးရပါလိမ့်မယ်။ တင်ပေးပြီးတဲ့ အခါကျလို့ရှိရင် ဒီအခြေခံ ဥပဒေမှာရေးထားတာက နိုင်ငံတော်သမ္မတက တာဝန်ပေးထားတဲ့ ဒုတိယသမ္မတတစ်ဦးက ကျွန်တော် တို့ဗဟိုအဖွဲ့အစည်းတွေက ပြည်ထောင်စုအဖွဲ့အစည်းတွေရဲ့ကိစ္စရပ်ကို တင်တဲ့ကိစ္စကိုစိစစ်ပါတယ်။ ပြည်နယ်တိုင်းကိစ္စတွေကတော့ တခြား သမ္မတတစ်ဦးက စိစစ်ဖို့ရေးထားပါတယ်။ အဲဒီလို စိစစ်ပြီးမှ ဘဏ္ဍာရေးကော်မရှင်ကိုတင်ပြီးမှ အဲဒီဘဏ္ဍာရေးကော်မရှင်ရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့အစိုးရ အဖွဲ့က ပြည်သူ့လွှတ်တော်ကို ပြည်ထောင်စုလွှတ်တော်ကို ဘတ်ဂျက်ကိုတင်ဖို့ ရှိပါတယ်။ အဲဒါကြောင့် မို့လို့ ကျွန်တော်တင်ပြချင်တာက အစောတုန်းက ဦးမောင်တိုးတို့တင်ပြသွားတဲ့ကိစ္စက အခြေခံဥပဒေ မှာပြဋ္ဌာန်းချက်နဲ့ ညီညွတ်ပါသလား။ ညီညွတ်ရင်တော့ ကောင်းပါတယ်။ အခြေခံဥပဒေကိုကျော်နေ တယ်ဆိုရင်တော့ မသင့်မြတ်ပါဘူး။ ဒါလေးကိုပြန်ပြီးတော့ Modified လုပ်ဖို့လိုပါတယ်လို့ တင်ပြအပ် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အခြေခံဥပဒေပြဿနာပေါ်တဲ့အတွက် လောလောဆယ် အခြေခံဥပဒေနဲ့ ညီညွတ်မှုရှိ၊ မရှိဆိုတာကို ဥပဒေကြမ်းကော်မတီအနေနဲ့၊ အခြားကော်မတီများနဲ့ ပြန်ပြီးတဲ့အခါမှာ

ဒီအပိုဒ်ကိုစဉ်းစားပါမယ်။ လောလောဆယ် ဒီအပိုဒ်ခဏချန်ထားပါ။ ပြီးတော့မှဆက်သွားပါမယ်။ စာမျက်နှာ ၅၊ အမှတ်စဉ် ၁၅ ၊ စာပိုဒ်အပိုဒ် ၆၉ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အခန်း(၁၄)၊ အပိုဒ် ၆၉ ၊ ပထမအကြောင်း မှာဖော်ပြထားတဲ့ လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စများဆိုတဲ့ စကားရပ်ရဲ့အနက် အဓိပ္ပါယ်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်ရုံးများကိစ္စလည်း အလိုအလျောက် သက်ဆိုင်ပါဝင်မယ်လို့ ဖြစ်ပင်ဖြစ် သော်ငြားလည်း တိတိကျကျ ရှင်းရှင်းလင်းလင်း ပေါ်လွင်ထင်ရှားအောင် လွှတ်တော်ကိုယ်စားလှယ် ကြီးများအားလုံးလည်း စိတ်ချမ်းသာစေဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများဆိုတဲ့ စကားရပ် ထပ်ပြီးဖြည့်စွက်ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အပိုဒ် ၆၉ ပထမစာကြောင်းအဆုံးမှာ သုံးစွဲဆိုတဲ့စကားရပ်ကို ဖော်ပြထားပြီးတော့ ဒုတိယစာကြောင်းအစမှာ ကုန်ကျမည့်ဆိုတဲ့စကားရပ်ကို ရိုက်နှိပ်ဖော်ပြထားပါတယ်။ ၎င်းစကားရပ်နှစ်ခုကို တစ်စပ်တည်းဖြစ်အောင် ရိုက်နှိပ်ဖော်ပြထားခြင်း မရှိတဲ့အတွက် အဓိပ္ပါယ်လေးနက်စေဖို့ရန်ဆိုတဲ့စာလုံး ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ရန်အဆိုပြုချက်ဇယားရဲ့ မူလ ပြဋ္ဌာန်းချက်ထဲမှာ သုံးစွဲကုန်ကျမည့် စကားရပ်လို့ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ရိုက်နှိပ်ဖော်ပြထားတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ရန်ဆိုတဲ့စာလုံး ဖြည့်စွက်ခြင်းကို ပြန်လည်ရုပ်သိမ်းအပ်ပါတယ်ခင်ဗျား။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ရုံးများနဲ့ လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲ ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာသို့ ပေးပို့ရမည်ဆိုတဲ့ ပြင်ဆင်ချက်အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းထားတဲ့ ပြင်ဆင်ရန်

အချက်၊ ပြင်ဆင်ရန်အဆိုကို တာချီလိတ်မဲဆန္ဒနယ်က ကျွန်တော် ဦးစိုင်းသိန်းအောင်က ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၆၉ မှာပါတဲ့ အချက်နဲ့ပတ်သက်ပြီးတော့ ဦးမောင်တိုး ပြင်ဆင်ရန်တင်ပြတဲ့ အချက်ထဲမှာ သက်ဆိုင်ရာသို့ဆိုတဲ့အစား ဘဏ္ဍာရေးကော်မရှင်သို့ ပေးပို့ရမည်ဆိုတဲ့အသုံးအနှုန်းဟာ ပိုပြီးတော့ လျော်ကန်သင့်မြတ်ပါတယ်။ ကျွန်တော်တို့တွေဟာ အခုမှစပြီးတော့ လွှတ်တော်အနေနဲ့ လွှတ်တော်ရုံး၊ လွှတ်တော်လုပ်ငန်းဆိုင်တဲ့ကိစ္စတွေကို ဘတ်ဂျက်ရေးဆွဲပြီးတော့ ကျွန်တော်တို့ တင်ပြမှာ ဖြစ်တဲ့အတွက် ဘဏ္ဍာရေးကော်မရှင်ကို ပေးပို့ရမည်ဆိုတဲ့အပိုဒ်ဟာ ထည့်သွင်းတဲ့အပိုဒ်က လျော်ကန်သင့်မြတ်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒုတိယဖြည့်စွက်ထားတဲ့ စာပိုဒ်ကတော့ ကျွန်တော်တို့ဒီအခြေခံဥပဒေနဲ့ အခြေခံဥပဒေမှာ ဘဏ္ဍာရေးကော်မရှင်ကိုပေးထားတဲ့ လုပ်ပိုင်ခွင့်တွေဟာ အစိုးရအဖွဲ့ ပြည်ထောင်စုအဆင့်အဖွဲ့တွေရဲ့ ဘဏ္ဍာရေးကိစ္စတွေနဲ့ ထည့်သွင်းထားတာဖြစ်တဲ့ အတွက်ကြောင့် အဲဒီထည့်သွင်းထားတာတွေကိုမှ ဘဏ္ဍာရေးကော်မရှင်ကစိစစ်ပြီးတော့ လွှတ်တော်ကို ပြန်တင်ပြတဲ့သဘောမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ အခုမှ ဒီလွှတ်တော်ကစပြီးတော့ ကျွန်တော်တို့ရဲ့ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးစာရင်းတွေကို ပြုစုပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာရေးကော်မရှင်နဲ့လည်း ကျွန်တော်တို့ ညှိနှိုင်းရမှာတွေရှိတဲ့အတွက်ကြောင့် ဦးမောင်တိုးရဲ့ ဖြည့်စွက်ဖို့ဆိုတဲ့ ဖြည့်စွက်တဲ့အပိုဒ်ကို လောလောဆယ်အားဖြင့် ထည့်သွင်းဖို့ မသင့်သေးဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ထည့်သွင်းဖို့လိုအပ်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နည်းဥပဒေမှာ ထည့်သွင်းလို့ရမယ်လို့ ကျွန်တော့်အနေနဲ့ သဘောထားရရှိပါတယ်။ ဒေါက်တာစိုင်းကျော်အုန်းရဲ့ ပြင်ဆင်ချက်မှာ လွှတ်တော်ကိုယ်စားလှယ်ရုံးများဆိုတာကတော့ ခုနက ကျွန်တော်တို့ ဆွေးနွေးထားတဲ့ အတိုင်း ဘတ်ဂျက်ကန့်သတ်ချက်ရှိတဲ့အတွက်ကြောင့် ဒီဘတ်ဂျက်ကို လောလောဆယ်မှာတော့ ကျွန်တော်တို့ ထည့်သွင်းရေးဆွဲဖို့ အခြေအနေပေးဦးမယ်မဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ရုံးများဆိုတဲ့ ဖြည့်စွက်ချက်ကတော့ သင့်လျော်ခြင်းမရှိဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ နောက် ဒုတိယသုံးစွဲရန်ဆိုတဲ့ စကားလုံး “ရန်” ဖြည့်တာကတော့ ဒါရေးထုံးအတွက်

ဒါပိုမိုပြီးတော့ သင့်လျော်တဲ့အတွက် သုံးစွဲရန်ဆိုတာ (ရန်) ထည့်သွင်းတာကတော့ ကျွန်တော့်အနေနဲ့ လျော်ကန်သင့်မြတ်တယ်လို့ ယူဆကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဲဒါကြောင့် အမှတ်စဥ် ၁၄၊ အပိုဒ် ၆၉ ဦးမောင်တိုးတင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံသူရှိသလို စဥ်းစားသုံးသပ်ဖို့ အကြံပြုသူလည်းရှိပါတယ်။ တစ်ခါ အခွင့်အရေးကော်မတီက တင်သွင်းထားတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ဒီဟာသည် ဥပဒေမှာထည့်ပြီးတော့ ဖော်ပြစရာမလိုသေးဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်တယ်ဆိုလို့ရှိရင်တော့ နည်းဥပဒေမှာ ထည့်မယ်ဆိုရင်ထည့်နိုင်တယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ဦးမောင်တိုးတင်သွင်းတဲ့ အဆိုပထမပိုင်းနဲ့ ပတ်သက်လို့ကတော့ ဒါအတည်ဖြစ်တယ်လို့ သဘောရပါတယ်။ ဒုတိယပိုင်းကျတဲ့ အခါကျတော့ ဒီဟာကို နည်းဥပဒေ၊ လွှတ်တော်ဆိုင်ရာနည်းဥပဒေတွင် ထည့်သွင်းရမယ်ဆိုတဲ့ အဓိပ္ပါယ်ပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လည်း အထူးမဲခွဲ ဆောင်ရွက်စရာမလိုဘူးလို့ ဥက္ကဋ္ဌက ဒီလိုပဲမှတ်ယူပါတယ်။ ကျန်တဲ့အပိုင်းကတော့ ခုနက တင်ပြတဲ့ဘက်ကလည်း ဆောင်ရွက်ဖြစ်အောင် တင်ပြထားတာရှိပါတယ်။ သို့ရာတွင် ခုနက ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီ၊ မညီဆိုတာကိုတော့သတိပြုရမှာဆိုတဲ့အတွက် သတိပြုပြီးတဲ့အခါမှာ ညီတယ်ဆိုလို့ရှိရင်တော့ ညီတဲ့အတိုင်း ဒီဥပဒေမှာမထည့်ဘဲနဲ့ နည်းဥပဒေမှာ ထည့်မယ်ဆိုလို့ရှိရင် ဖြစ်နိုင်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နောက် ဒေါက်တာစိုင်းကျော်အုန်းရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ရှင်းလင်းချက်ကို ပိုပြီးတော့သဘောပေါက်ချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာစိုင်းကျော်အုန်းရဲ့ အဆိုကို လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ ပြန်လည်ထပ်မံရှင်းပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာစိုင်းကျော်အုန်း ဖြည့်စွက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများဆိုတာက ဖြည့်စွက်ဖို့မသင့်တဲ့အကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။ နောက် “ရန်”ဆိုတာ ဖြည့်စွက်ထားတာရှိပါတယ်။ သုံးစွဲရန်ကုန်ကျမည်ဆိုပြီးတော့ ဒီ“ရန်” ဖြည့်စွက်တာကတော့ သင့်လျော်ပါကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ "ရန်"ကို ဘယ်မှာဖြည့်စွက်မလဲ။ ကျွန်တာက ဘယ်ဟာကို ကန့်ကွက်မလဲ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လွှတ်တော်သည် လွှတ်တော်ရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာဆိုတာကတော့ ခုနကျွန်တော်တို့ ဘဏ္ဍာရေးကော်မရှင်သို့ ပေးပို့ရမည်ဆိုပြီးတော့ အဲဒီဟာ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။ ကျွန်တဲ့ ခုနက အဓိကပြင်ဆင်လိုတဲ့ ကိုယ်စားလှယ်ရုံးနဲ့ ပတ်သက်လို့တော့ လောလောဆယ်မသင့်ဘူးဆိုတဲ့ မှန်ပါတယ်နော်။ ဒါကြောင့် ဒေါက်တာစိုင်းကျော်အုန်းရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ဖြေရှင်းချက်ကိုကျွန်တော်လက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် မူလပြဋ္ဌာန်းချက်မှာ ဦးမောင်တိုးတင်ပြတဲ့ ပြင်ဆင်ချက်အဆို ပထမပိုင်းနဲ့ ဒေါက်တာစိုင်းကျော်အုန်းတင်ပြတဲ့အဆိုထဲက မူလရုံးဖွင့်ဖို့ဆိုတဲ့ဟာ ပယ်ဖျက်ပြီး "ရန်"ဆိုတဲ့စကားကို သုံးစွဲရန် ကုန်ရဲ့ရှေ့ထားရှိဖို့နဲ့ပတ်သက်ပြီး လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို အတည်ပြုရန်အဆိုတင်သွင်းဖို့ လွှတ်တော်အခွင့်အရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန်အဆိုကို တင်သွင်းအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီမှ တင်သွင်းသွားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အဆိုမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံး သည် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့် သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲ အလိုက်ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ လ ၂၉ ရက်၊ (ကြာသာပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အစီအစဉ်မှာ ကျန်ရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို မနက်ဖြန်မှာ ဆက်လက် ဆွေးနွေးပါ့မယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။